# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကိုကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁) ကျင်းပစဉ်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တာဝန်ယူခဲ့သည်မှာ ၃ ပတ်ခန့်ရှိပြီဖြစ်ပြီး ယခုကာလအတွင်း ပြုပြင်ပြောင်းလဲမှုများ များစွာရှိကြောင်း၊ ပထမဆုံးအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒုတိယအပတ်နှင့် တတိယအပတ်ကြားကာလတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ဝေဒနာရှင်ပြည်သူများ၏ ရင်တွင်းမှ ငိုရှိုက်သံများကို ကြားသိနိုင်ကြပါစေ . . .**

ဆောင်းပါး | စာ-၆

**နီပေါနိုင်ငံတွင် နောက်ထပ် ကိုဗစ် - ၁၉ ကာကွယ်ဆေး တစ်သန်းရောက်ရှိပြီးနောက်တွင် ဒုတိယအကြိမ် ထိုးနှံမှုစတင်တော့မည်**

နိုင်ငံတကာသတင်း | စာ-၁၃



မြန်မာ့အလင်း

# သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး

သန့်ရှင်းသည့် သောက်သုံးရေဟူသည် အနည်အမှုန်ကင်းစင်သော၊ ရောဂါပိုးမွှားကင်းစင်သော၊ အရောင်အဆင်းအနံ့အရသာ ကင်းစင်သော၊ ဓာတ်သတ္တုများ ပါဝင်သင့်သည့် ပမာဏထက်မပိုသော ရေဖြစ်သည်။ ရောဂါပိုးပါသည့်ရေကို သောက်သုံးမိပါက ဝမ်းပျက်ဝမ်းလျှော၊ အူရောင်ငန်းဖျား၊ ကာလဝမ်း၊ အသည်းရောင်အသားဝါ၊ ပိုလီယိုကဲ့သို့သော ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ ဖြစ်ပွားနိုင်သည်။ သန့်ရှင်းသော သောက်သုံးရေ မသုံးစွဲရသည့်အတွက် ကမ္ဘာပေါ်တွင် ၂၁ စက္ကန့်တိုင်း၌ ကလေးတစ်ဦးသေဆုံးနေပြီး မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကလေးငယ် ၄၀၀၀၀ ခန့် အသက်ဆုံးရှုံးနေရာ သန့်ရှင်းသော သောက်သုံးရေရရှိရေးမှာ လွန်စွာ အရေးကြီးသည်။

ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလတွင် သောက်သုံးရေ ရှားပါးပြတ်လပ်သည့် ဒေသများမှာ နှစ်စဉ်မိုးရေချိန်လက်မ ၂၀ ခန့်သာ ရရှိသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဟု အများက ထင်မြင်ယူဆလေ့ရှိကြသော်လည်း မြစ်ဝကျွန်းပေါ်ဒေသအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများနှင့် တောင်ပေါ်ဒေသအချို့တွင်လည်း ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရှိရသည်။ ပြီးခဲ့သည့် မိုးရာသီကာလများအတွင်း မိုးရေချိန်ပုံမှန်အောက် ရွာသွန်းမှု နှစ်နှစ်ခန့် ဆက်တိုက်ဖြစ်ပေါ်ခဲ့သည့်အတွက် ဆည်တမံများအတွင်း ရေစုဆောင်းနိုင်မှု လျော့ကျခဲ့ရာ ယခုနှစ် ခြောက်သွေ့ရာသီတွင်လည်း ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာဖွယ်ရှိပြီး သက်ဆိုင်ရာတို့ကလည်း ဖြေရှင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည့်သတင်းများ တွေ့ရသည်။

စင်စစ်သောက်သုံးရေ ရှားပါးမှုသည် ကမ္ဘာ့နိုင်ငံအများအပြား ရင်ဆိုင်နေရသော ပြဿနာဖြစ်သည်။ ကမ္ဘာ့အပူချိန်တိုးလာခြင်းနှင့်အတူ မိုးခေါင်ခြင်း၊ သဲကန္တာရများ တိုးလာခြင်းတို့က ရေရှားပါးမှုနှုန်းကို မြင့်တက်လာစေသည်။ ရေရှားပါးမှုကို ထိခိုက်ခံစားကြရသူများမှာ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော် ရှိသည်။ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း ကမ္ဘာ့လူဦးရေ ၈၄၄ သန်းသည် သောက်သုံးရေစနစ် မခံစားရသေးကြောင်း၊ လူ ၈၉၂ သန်းသည် အညစ်အကြေးများကို အကာအကွယ်မဲ့သည့် ပတ်ဝန်းကျင်များတွင် စွန့်ပစ်သည့်စနစ်ကို ကျင့်သုံးခဲ့ကြကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

သောက်သုံးရေညစ်ညမ်းမှု ဖြစ်ပွားစေသည့် အကြောင်းရင်းများတွင် သောက်သုံးရေကန် တည်ဆောက်မှု စနစ်မကျခြင်း၊ သောက်သုံးရေကန်မှ ရေရယူသုံးစွဲပုံစနစ် မမှန်ကန်ခြင်း၊ သောက်သုံးရေကန် သန့်ရှင်းရေးသတိပေးချက်များကို မလိုက်နာခြင်း၊ သောက်သုံးရေကန်အနီးဝန်းကျင်၌ မိလ္လာ၊ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း၊ အမှိုက်ပုံတို့ ရှိနေခြင်း၊ သောက်သုံးရေကန်များကို ရေရှည်ထိန်းသိမ်းပြုပြင်မှုမရှိခြင်း၊ ရေတွင်းတူးရန် မြေနေရာရွေးချယ်မှု မမှန်ကန်ခြင်းတို့ ပါဝင်သည်။ သန့်ရှင်းစနစ်ကျသော သောက်သုံးရေတွင်းဖြစ်စေရန် အညစ်အကြေးစွန့်ပစ်သောနေရာ၌ ပေ ၅၀ ဝေးကွာပြီး မြင့်သောအပိုင်းတွင် ရှိရမည်ဖြစ်သည်။ ရေဝပ်ရေလျှံသော နေရာကိုလည်း လုံးဝမရွေးချယ်မိရန် အရေးကြီးသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါများသည့်နိုင်ငံဖြစ်သည်။ သို့ရာတွင် တန်ဖိုးရှိသည့် ရေချိုအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်းများ၊ သဘာဝရေကန်၊ ရေအိုင်များမှာ လူတို့၏ပယောဂကြောင့် အမြောက်အမြား ပျက်စီးနေကြသည်ကို တွေ့ရသည်။ ထို့ပြင် ဖောက်ပြန်ပြောင်းလဲလာသည့် ရာသီဥတုကလည်း ရေအရင်းအမြစ်များ လျော့နည်းထိခိုက်မှုဖြစ်ပွားစေရာ သောက်သုံးနိုင်သည့် သန့်ရှင်းသောရေသည် အဖိုးတန်ပစ္စည်းတစ်ခုအဖြစ် တည်ရှိနေပြီ ဖြစ်ပါကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၀၀၃<br>၀၄၂-၂၀၂၃၀၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

**❍ ဝန်ထမ်းများ CDM လှုပ်ရှားဆောင်ရွက်မှုနှင့်ပတ်သက်ပြီး စတင်ဆောင်ရွက်ရန် ပြောကြားဖြန့်ချီခဲ့သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ဝန်ထမ်းအချို့ပါဝင်ကြပြီး အချို့ဝန်ထမ်းများမှာ အကြောက်တရားဖြင့် ပါဝင်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် CDM ကိစ္စနှင့်ပတ်သက်၍ ပြီးခဲ့သည့် ရက်သတ္တပတ်က ဝန်ထမ်းများ မိမိတို့လုပ်ငန်းတာဝန်ကို ပြန်လည်တာဝန်ထမ်းဆောင်ရန် တိုက်တွန်းခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ မိမိတို့၏လုပ်ဖော်ကိုင်ဖက်များသာဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် အခြားအချိန်တွင် မိမိနှစ်သက်ရာကို ဆန္ဒမဲပေးနိုင်သော်လည်း တာဝန်အချိန်တွင် နိုင်ငံတော်အတွက်သာ ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကြိုက်နှစ်သက်သည်၊ မနှစ်သက်သည် ရှိမည်ဖြစ်ကြောင်း၊ ယင်းကို ဒီမိုကရေစီကျင့်စဉ်အရ လက်ခံကြောင်း၊ သို့သော်လည်း အခြားအချိန်တွင် ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတာဝန်ကို နိုင်ငံ့ဝန်ထမ်းက ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံသားများကလည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မဲမသမာမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြီးခဲ့သည့် အစိုးရတာဝန်ယူသည့် ကာလတစ်လျှောက်လုံး စိတ်ရှည်သည်းခံစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း အစိုးရအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် သဟဇာတဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းမရှိခြင်းကြောင့် ပြဿနာများ ဖြစ်ပွားခဲ့ရ**

*✻ ရှေ့ဖုံးမှ*

ဆန္ဒပြမှုများ ရှိခဲ့သော်လည်း မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ အလေ့အထနှင့်အတူ ဒီမိုကရေစီနိုင်ငံများ၏ အရေးယူဆောင်ရွက်မှုများ အတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားနိုင်ငံများ၌လည်း ဆူပူဆန္ဒပြမှုများတွင် မျက်ရည်ယိုဗုံး၊ ရော်ဘာကျည်ဆန်၊ Water Cannon ကို အသုံးပြုဆောင်ရွက်ခြင်းနှင့် အင်တာနက်ဖြတ်တောက်မှုများလည်း ရှိပါကြောင်း၊ အခြားနိုင်ငံများတွင် ဖြစ်ပွားသည့် ဆန္ဒပြမှုများကြောင့် သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူများနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံတွင် ၃ ပတ်တာကာလအတွင်း သေဆုံးမှုမှာ ၄ ဦးသာ ရှိခဲ့ကြောင်း၊ သေဆုံးမှုကို ပြန်ကြည့်လျှင်လည်း သေဆုံးသွားသည့် အမျိုးသမီးမှာ အသက် ၂၀ ခန့်ရှိပြီး ၎င်းကိုယ်တိုင် ဆူပူဆန္ဒပြမှုတွင် ပါဝင်သည်ကို တွေ့ရပါကြောင်း၊ ဆူပူဆန္ဒပြသူများ အနေဖြင့် လေးခွ၊ ခဲ၊ ကုန်းသီးတို့ဖြင့် ပစ်ခတ်အသုံးပြုခြင်းများရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရော်ဘာကျည်ဆန်ကိုသာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ခဲသီးနှင့်ပတ်သက်၍ အသုံးပြုခဲ့ခြင်းမရှိကြောင်း၊ ဗီဒီယိုမှတ်တမ်းများကို အသေးစိတ်ကြည့်ရှုခဲ့ကြောင်း၊ ယင်းမှာ ဖြစ်စဉ်အမှန်ဖြစ်ကြောင်း။

### ပြန်လည်တာဝန်ထမ်းဆောင်

ဝန်ထမ်းများ CDM လှုပ်ရှားဆောင်ရွက်မှုနှင့် ပတ်သက်ပြီး စတင်ဆောင်ရွက်ရန် ပြောကြားဖြန့်ချီခဲ့သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ဝန်ထမ်းအချို့ပါဝင်ကြပြီး အချို့ဝန်ထမ်းများမှာ အကြောက်တရားဖြင့် ပါဝင်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် CDM ကိစ္စနှင့် ပတ်သက်၍ ပြီးခဲ့သည့်ရက်သတ္တပတ်က ဝန်ထမ်းများ မိမိတို့လုပ်ငန်းတာဝန်ကို ပြန်လည်တာဝန်ထမ်းဆောင်ရန် တိုက်တွန်းခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များသာဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် အခြားအချိန်တွင် မိမိနှစ်သက်ရာကို ဆန္ဒမဲပေးနိုင်သော်လည်း တာဝန်အချိန်တွင် နိုင်ငံတော်အတွက်သာ ဦးတည်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကြိုက်နှစ်သက်သည်၊ မနှစ်သက်သည် ရှိမည်ဖြစ်ကြောင်း၊ ယင်းကို ဒီမိုကရေစီကျင့်စဉ်အရလက်ခံကြောင်း၊ သို့သော်လည်း အခြားအချိန်တွင် ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတာဝန်ကို နိုင်ငံ့ဝန်ထမ်းက ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံသားများကလည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မဲမသမာမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြီးခဲ့သည့် အစိုးရတာဝန်ယူသည့် ကာလတစ်လျှောက်လုံး စိတ်ရှည်သည်းခံစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း အစိုးရအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် သဟဇာတဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းမရှိခြင်းကြောင့် ပြဿနာများ ဖြစ်ပွားခဲ့ရကြောင်း။

### တာဝန်ပျက်ကွက်လျက်ရှိ

နိုင်ငံ့ဝန်ထမ်းများ တာဝန်ပျက်ကွက်မှုကို ပြီးခဲ့သည့် သောကြာနေ့တွင် စာရင်းကောက်ယူခဲ့ကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ဆရာဝန်များ တာဝန်ပျက်ကွက်လျက်ရှိကြောင်း၊ ဆရာဝန်များမှာ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ပေးရသည့် ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အရေးကြီးသည့် ဝန်ထမ်းသုံးမျိုးရှိကြောင်း၊ ယင်းမှာ ကျန်းမာရေးဝန်ထမ်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ဖြစ်ပြီး အမြဲအဆင်သင့် ပြင်ဆင်ထားရသည့်သူများဖြစ်ကြောင်း၊ တပ်မတော်မှာ နိုင်ငံတော်ကာကွယ်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တပ်ရင်း၊ တပ်ဖွဲ့များတွင် အမြဲအဆင်သင့်ဖြစ်ရန် ဆောင်ရွက်ထားကြကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည်လည်း သက်ဆိုင်ရာတပ်ဖွဲ့များနှင့် ရဲစခန်းများတွင် တစ်စုတစ်စည်းတည်း တာဝန်ထမ်းဆောင်ကြရကြောင်း။

### ကျင့်ဝတ်ကို များစွာချိုးဖောက်

အလားတူ ကျန်းမာရေးဝန်ထမ်းများသည်လည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက်သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင် တစ်စုတစ်စည်းတည်း တာဝန်ထမ်းဆောင်ကြရကြောင်း၊ ဆရာဝန်များ၏ ကတိသစ္စာပြုအဓိဋ္ဌာန် ၉ ချက်တွင် “ကျွန်ုပ်ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာကာကွယ်စောင့်ရှောက်ပါအံ့” ဟု ပါရှိကြောင်း၊ ဆရာဝန်များအနေဖြင့် ဆေးကုသမှုမပြုလုပ်ခြင်းသည် ယင်းတို့ကတိသစ္စာပြုထားသည့် အဓိဋ္ဌာန်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ အလားတူ သူနာပြုဆိုလျှင်လည်း ၎င်းတို့ ကတိသစ္စာအဓိဋ္ဌာန်တွင် “လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်၏ အရေးကိစ္စဟု ယူဆပါအံ့”ဟု လည်းကောင်း၊ “လူသားတို့၏ အသက်အန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်စေမည့် မည်သည့်အပြုအမူမျိုးကိုမဆို တားဆီးကာကွယ်ပါအံ့” ဟု လည်းကောင်း ပါရှိကြောင်း၊ ယင်းအချက်များကို ကြည့်ခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်နေမှုများမှာ ကျင့်ဝတ်ကို များစွာ ချိုးဖောက်ရာရောက်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ ၁၂၆၂ ရုံရှိသော်လည်း ဆေးရုံဖွင့်လှစ်ပြီး ကုသပေးသည့် ဆေးရုံမှာ ၇၇၈ ရုံ၊ ဆေးရုံဖွင့်ထားသော်လည်း ကုသပေးခြင်းမရှိသည့် ဆေးရုံ ၂၇ ရုံရှိပြီး လုံးဝဆေးရုံပိတ်ထားသည့် ဆေးရုံ ၃၅၇ ရုံ ရှိသည်ကို ယမန်နေ့ညနေ စာရင်းများအရ သိရကြောင်း။

### ဝန်ထမ်းစည်းကမ်းအရ အရေးယူသွားမည်

ထို့ကြောင့် ပြည်သူများ များစွာဒုက္ခရောက်နေမည်ကို စဉ်းစားကြည့်လျှင် သိနိုင်ကြောင်း၊ လူ့အသက်ထက် အရေးကြီးသည်မှာ မရှိကြောင်း၊ ထို့အတွက်ကြောင့် မိမိတို့အနေဖြင့် ဆူပူမှုများ ထိန်းသိမ်းအရေးယူ ဆောင်ရွက်ရာတွင်လည်း လူ့အသက်ကို မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဆရာဝန်များနှင့် သူနာပြုများ စည်းကမ်းဖောက်ဖျက်နေမှုကို ဝန်ထမ်းစည်းကမ်းအရ အရေးယူသွားမည် ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

**“ CDM နှင့်ပတ်သက်ပြီး online တွင် လှုံ့ဆော်နေသည့်အဖွဲ့များနှင့် အဆိုပါ အဖွဲ့များနောက်တွင် ပံ့ပိုးနေသူများရှိကြောင်း၊ ယင်းတို့နောက်တွင် ငွေကြေးစိုက်ထုတ်ပေးသည့် အဖွဲ့များရှိကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများသည် တိုင်းပြည်ကိုထိခိုက်နစ်နာစေကြောင်း၊ တိုင်းပြည်ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရန် မိမိတို့သည် စိတ်ရှည်သည်းခံပြီး နားလည်အောင် ရှင်းလင်းပြောကြားကာ ပြည်သူများပါ အတူပါဝင်ပြီး ပုံမှန်လမ်းကြောင်းပေါ်တည့်အောင် ဆောင်ရွက်ရန်လို ”**

❖ **မီဒီယာနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှတစ်ဆင့် မီဒီယာကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ထိန်းသိမ်းကြပ်မတ်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတင်းများတွင် အာဏာသိမ်းစစ်အစိုးရဟု အသုံးအနှုန်းများကို သတိပေးထားပြီး ဆက်လက်၍ သုံးနှုန်းရေးသားမည်ဆိုပါက ထုတ်ဝေခွင့်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စရပ်များနှင့် ပတ်သက်၍ ကိုဗီအာနန်ကော်မရှင် ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း စုံစမ်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုသာကြည့်ပြီး တိုင်းပြည်၏အကျိုးကို မကြည့်ဘဲ ကိုယ်ကျိုးအတွက် ဆောင်ရွက်ခဲ့မှုများကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

ကျန်းမာရေးဝန်ထမ်းများမှာ ကျင့်ဝတ်သစ္စာဆိုပြီး ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများမှာလည်း နိုင်ငံတော်အလံကိုင်၍ သစ္စာဆိုသည့် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အတွက် သစ္စာဖောက်ဖျက်၍မရကြောင်း၊ တပ်မတော်တွင်လည်း စည်းကမ်းထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ဖောက်ဖျက်လျှင် ထိထိရောက်ရောက်အရေးယူကြောင်း၊ ရဲတပ်ဖွဲ့ဝင်များလည်း အလားတူဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူက အားကိုး၊ ပြည်သူက လက်ခံ၊ ပြည်သူက ယုံကြည်ပြီး နိုင်ငံတော်မှအားထားရသည့် ရဲတပ်ဖွဲ့ဖြစ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတင်းပို့ရုံးတက်ခြင်းမရှိပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ဥပဒေကိုနားလည်ရန် အရေးကြီး

ဆရာဝန်များနှင့်ပတ်သက်ပြီး ရရှိသည့်ဘွဲ့အဆင့်အလိုက် ချီးမြှင့်ငွေပေးအပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ သင်ကြားရေးအပိုင်း အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများမှာ တိုင်းပြည်အတွက် အရေးကြီးကြောင်း၊ တိုင်းပြည်တွင် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးသူများမှာ ဆရာ၊ ဆရာမများဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင်လည်း ဘွဲ့အဆင့်အလိုက်မူတည်ပြီး ချီးမြှင့်ရန် စဉ်းစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ထဲတွင် အရေးကြီးသည့် အချက်နှစ်ချက်မှာ ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ တက္ကသိုလ်များတွင် BA(Law) သင်တန်းများ ဖွင့်လှစ်ရန်နှင့် ဒေသအလိုက် စီးပွားရေး နားလည်တတ်ကျွမ်းမှု အခြေခံရရှိရေးအတွက် BA(Eco) ဘာသာရပ်ဖွင့်လှစ်သင်ကြားရန် ဆွေးနွေးလျက်ရှိကြောင်း၊ ပညာရေးဝန်းကျင် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပြီး သို့မှသာ ကျောင်းသားများအနေဖြင့် စာသင်ချင်စိတ် တိုးပွားလာမည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ CDM နှင့် ပတ်သက်ပြီး online တွင် လှုံ့ဆော်နေသည့်အဖွဲ့များနှင့် အဆိုပါအဖွဲ့များနောက်တွင် ပံ့ပိုးနေသူများရှိကြောင်း၊ ယင်းတို့နောက်တွင် ငွေကြေးစိုက်ထုတ်ပေးသည့် အဖွဲ့များရှိကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများသည် တိုင်းပြည်ကို ထိခိုက်နစ်နာစေကြောင်း၊ တိုင်းပြည်ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရန် မိမိတို့သည် စိတ်ရှည်သည်းခံပြီး နားလည်အောင် ရှင်းလင်းပြောကြားကာ ပြည်သူများပါ အတူပါဝင်ပြီး ပုံမှန်လမ်းကြောင်းပေါ်တည့်အောင် ဆောင်ရွက်ရန် လိုကြောင်း။

### တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်

ယခုအခါ မိမိတို့နိုင်ငံတွင် နှစ်စဉ်ဘဏ္ဍာငွေလိုငွေပြမှုနှင့် ကုန်သွယ်ရေးလိုငွေပြမှုများရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ထိခိုက်ကြောင်း၊ ထို့ကြောင့် ငွေကြေးတန်ဖိုး ခိုင်မြဲရန် လိုအပ်ကြောင်း၊ ကုန်သွယ်ရေးနှင့်ပတ်သက်၍ စီးပွားရေးကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ မိမိတို့သည် ဦးတည်ချက် ၅ ရပ် ချပေးထားကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတော်၏ ယိုင်နေသည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် အားထည့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးကုစားမှုများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေလျှော့ချရေးအတွက် ပြည်ပသွင်းကုန်များ လျှော့ချရေးနှင့် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ပို့ဆောင်၍ စီးပွားရေးမြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ရေးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရေးပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း တတ်နိုင်သမျှလျှော့ချရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးအတွက် လိုအပ်သည့် ပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားခများ သက်သာစေရေးနှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် လုပ်ငန်းရပ်များအား တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် မီးရထားလမ်းနှင့် မော်တော်ကားလမ်းများအား ပုံမှန်ထိန်းသိမ်းမှုများကို အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သောက်သုံးရေ အခက်အခဲရှိသည့် မြို့နယ်များတွင် သောက်သုံးရေရရှိရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ Jeng Phag နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာနှင့် ဦးခင်မောင်ဆွေတို့က ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ တပ်မတော်၏ နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူထမ်းဆောင်နေမှုအပေါ် နိုင်ငံတကာ၏ သဘောထားအမြင်များ၊ ရခိုင်ပြည်နယ်ဖြစ်စဉ် အခြေအနေ၊ လူပုဂ္ဂိုလ်ကိုးကွယ်မှုများကြောင့် နိုင်ငံရေးရှုပ်ထွေးလာခဲ့မှု အခြေအနေ၊ သာသနာရေးဆိုင်ရာ အဆောက်အဦများ လျှပ်စစ်မီးသုံးစွဲမှုနှင့် ပတ်သက်၍ ဓာတ်အားအသုံးပြုခ လျှော့ပေါ့ပေးရေးကိစ္စ၊ ရုံးလုပ်ငန်းများနှောင့်နှေးစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများအား CDM ပြုလုပ်ရန် ဖိအားပေးမှုများနှင့် စည်းရုံးသိမ်းသွင်းမှုများကို နောက်ကွယ်မှ ပြုလုပ်နေသည့်အဖွဲ့အစည်းများအား ဖော်ထုတ်အရေးယူဆောင်ရွက်ရေးနှင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား အကာအကွယ်ပေးရန် လိုအပ်သည့်အခြေအနေများအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ကော်မရှင်နှင့်ပတ်သက်သည့် မဲစာရင်းကို အမြန်ဆုံးချပြပေးမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် တိုင်ကြားစာတက်သည့် မြို့နယ်များကို ဦးစွာစစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်း၊ စိစစ်တွေ့ရှိသည့် မဲစာရင်းကွာဟမှုများကို ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် မြို့နယ်များကိုလည်း ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများ မှတ်ပုံတင်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

မီဒီယာနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှတစ်ဆင့် မီဒီယာကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ထိန်းသိမ်းကြပ်မတ်ရေး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သတင်းများတွင် အာဏာသိမ်းစစ်အစိုးရဟု အသုံးအနှုန်းများကို သတိပေးထားပြီး ဆက်လက်၍ သုံးနှုန်းရေးသားမည်ဆိုပါက ထုတ်ဝေခွင့်ပိတ်သိမ်းသည်အထိ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စရပ်များနှင့် ပတ်သက်၍ ကိုဖီအာနန်ကော်မရှင် ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း စုံစမ်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုသာကြည့်ပြီး တိုင်းပြည်၏ အကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးအတွက် ဆောင်ရွက်ခဲ့မှုများကိုလည်း ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး မီတာခများ သက်သာခွင့်ကို လျှော့ချပေးထားကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ၏ တာဝန်ထမ်းဆောင်မှုအပေါ် မူတည်၍ ချီးမြှင့်ငွေများ ပေးအပ်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းများအား ထိန်းသိမ်းပြုပြင်ခြင်း၊ ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားမှုအထောက်အကူပြု အစည်းအဝေးများ ပြုလုပ်ခြင်းများကို လေ့ကျင့်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ပြန်လည်ပညာသင်ကြားချိန်တွင် အသင့်ဖြစ်စေမည်ဖြစ်ကြောင်း။

### ပညာရှင်များ မွေးထုတ်ပေးရန်လို

မိမိတို့နိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးနိုင်ငံဖြစ်သဖြင့် ၎င်းလုပ်ငန်းများနှင့် ပတ်သက်၍ သင်တန်းကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍ လိုအပ်သည့် စိုက်မွေးပညာရှင်များ မွေးထုတ်ပေးရန်လိုကြောင်း၊ ဒေသအလိုက် ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ရရှိအောင် သုတေသနပြု၍ ထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်များအလိုက် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပြီး ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသဖြင့် ဒေသအလိုက် သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေသည် လူသားများ၏ နေ့စဉ်လူနေမှုဘဝအတွက် အရေးအကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်သောကြောင့် မြေအောက်ရေ သုံးစွဲမှုနှင့် ပတ်သက်၍ မိုးနည်းသည့် ဒေသများတွင် မြေအောက်ရေ အလွန်အကျွံသုံးစွဲခြင်းသည် ရေရှားပါးမှုကို ပိုမိုဖြစ်ပေါ်စေနိုင်သဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တိုက်တွန်းဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသည် အရေးကြီးသဖြင့် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ပြီး ဖိအားပေးနှောင့်ယှက်နေသူများကိုလည်း ဖော်ထုတ်၍ ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိ

လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးခဲ့ရာတွင် ပြစ်ဒဏ်ကြီးလေးသူများမှအပ တတ်နိုင်သမျှ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ ၎င်းတို့အား ပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်နိုင်ပြီး အခွင့်အရေးများ မဆုံးရှုံးစေဘဲ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နေထိုင်နိုင်စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်အပေါ် သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကောင်စီအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားကြောင်း၊ သတင်းများကို ထုတ်ပြန်ရာတွင် မှန်ကန်မှုနှင့် မြန်ဆန်မှုရှိရန်လိုကြောင်း၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်သူ့အချင်းချင်း သတင်းစကားကောက်နုတ်ချက်

၁။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုအကျိုးအတွက် တာဝန်ဝတ္တရားများကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြသော ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ တာဝန်ဝတ္တရားနှောင့်ယှက်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူပါလိမ့်မည်။

၂။ တိုင်းပြည်၊ လူမျိုး၊ ပြည်သူအကျိုးကို အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံလျက်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၏ လုံခြုံမှုနှင့် ဘေးကင်းမှုကို ဥပဒေဖောက်ဖျက်ကျူးလွန်သူများ စော်ကားခြိမ်းခြောက်ခြင်းမှ ထိရောက်စွာ ကာကွယ်ရန် ဖြစ်ပါသည်။

၃။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံပြည်သူအကျိုးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာအပြည့်အဝဖြင့် ရိုးသားကြိုးစားမှု မိသားစုလုံခြုံအေးချမ်းရာကြသော ဘဝကို စာနာနားလည်သောအားဖြင့် အနိုင်အထက် မတရားသဖြင့် တားဆီးနှောင့်ယှက်၊ သိက္ခာချခြင်းများကို မပြုလုပ်သင့်ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသည်။

ဝန်ထမ်းပြည်သူတစ်ဦး

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ဈေးများ၊ စတိုးဆိုင်ခန်းများ ပုံမှန်အတိုင်း ရောင်း၊ ဝယ် ဖောက်ကားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်နေ့များမှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဈေးများ၊ စတိုးဆိုင်ခန်းများ အားလုံး ဖွင့်လှစ်ရောင်းချခြင်းမပြုရန် ခြိမ်းခြောက် အကျပ်ကိုင်သည့် ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။ ထိုသို့ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယနေ့တွင် နိုင်ငံတစ်ဝန်းလုံး မြို့နယ်အသီးသီးရှိ ဈေးများ၊ စတိုးဆိုင်ခန်းများသည် မိမိတို့၏ မိသားစုစားဝတ်နေရေးအတွက် ပုံမှန်အတိုင်း အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားလျက်ရှိကြသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်များနှင့် ဘဏ်ခွဲများတွင် အငြိမ်းစားဝန်ထမ်းများ လွယ်ကူချောမွေ့စွာ ပင်စင်လစာများ ထုတ်ယူနိုင်စေရန်အတွက် ယနေ့ နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာဘဏ်များ၌ လုံခြုံရေးများဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်စား အငြိမ်းစားဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရှိရသည်။

အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာများ လစဉ် ၂၁ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် ၂၁ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့် ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် အဆင်ပြေစွာထုတ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်



## ကချင်ပြည်နယ်စေ့စပ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် မငြိမ်သက်မှုဖြစ်စဉ်များတွင် ထိခိုက်မှုအနည်းဆုံးဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်စေ့စပ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ပြည်နယ်ကောင်စီရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ကောင်စီအဖွဲ့အနေဖြင့် ဆန္ဒဖော်ထုတ်လျက်ရှိသော ပြည်သူများသည် မိမိတို့၏ ညီနောင်သားချင်းများပင် ဖြစ်သည့်အတွက် အတတ်နိုင်ဆုံး အတည်ငြိမ်ဆုံးနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကိုင်တွယ်ဆောင်ရွက်နေပါကြောင်း၊ သို့သော်ငြိမ်းချမ်းစွာ ဆန္ဒ ဖော်ထုတ်နေသူများကြားတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ပြည်နယ်သူ/သားများအားလုံး တည်တည်ငြိမ်ငြိမ်ဖြင့် ထိခိုက်မှု မရှိစေရေးအတွက် စေ့စပ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဆန္ဒထုတ်ဖော်သူများကို မိမိတို့၏ သား/သမီးများကဲ့သို့ သဘောထားကာ မိမိတို့ကောင်စီအဖွဲ့နှင့်အတူ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ သာသနာ့နုဂ္ဂဟအသင်းနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများက လမ်းပေါ်ထွက် ဆန္ဒဖော်ထုတ်နေကြသူ များအား ထိခိုက်မှုမရှိစေရေးအတွက် မိမိတို့၏ သား/သမီးများကဲ့သို့ သဘောထားပြီး ညှိနှိုင်းဆောင်ရွက်ပေးရေး၊ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ဝင်များအနေဖြင့် ဘာသာလူမျိုးစွဲမရှိဘဲ တန်းတူထား၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေး၊ လက်ရှိနိုင်ငံတော်၏ အခြေအနေမှန်နှင့် ဥပဒေထုတ်ပြန်ချက်များကို ရှင်းလင်းနားလည်အောင် ဖြေရှင်းပေးရေး စသည့်လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်စေ့စပ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြသည်။

ပြည်နယ် (ပြန်/ဆက်)

# ဝေဒနာရှင်ပြည်သူများ၏ ရင်တွင်းမှ ငိုရှိုက်သံများကို ကြားသိနိုင်ကြပါစေ . . .

## လေးလေးနွယ်

**ကိုဗစ်- ၁၉ ကပ်ရောဂါဘေးကြီး၏ဒဏ်ကို ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာပြည်သူများ ပြင်းထန်စွာ ခံစားခဲ့ရသည်။ ကိုဗစ်- ၁၉ ပိုးတွေ့လူနာနှစ်ဦးကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်တွေ့ရှိခဲ့ပြီး ပထမလှိုင်းကို အတော်ထိန်းနိုင်ခဲ့သော်လည်း ဩဂုတ်လတွင် တစ်ကျော့ပြန်ခဲ့သည့် ဒုတိယလှိုင်းသည် မြန်မာနိုင်ငံအတွက် ခက်ခဲကြမ်းတမ်းခဲ့သည်။**

ပိုးတွေ့လူနာအရေအတွက် နေ့စဉ်များပြားခဲ့ကာ ဆေးရုံများသာမက တိုးချဲ့ကုသဆောင်များ၊ ကိုဗစ်စင်တာများကိုလည်း ဖွင့်လှစ်ထားရှိကုသခဲ့ရသည်။ ပိုးတွေ့လူနာများကိုပြုစုစောင့်ရှောက်ရသော ကျန်းမာရေးဝန်ထမ်းအရေအတွက်သည် ပိုးတွေ့လူနာအရေအတွက်နှင့် နှိုင်းစာလျှင် ဝန်နှင့်အား မျှတခြင်းမရှိ။

ထို့ပြင် မြန်မာနိုင်ငံကဲ့သို့ ဆင်းရဲချို့တဲ့သော၊ အတတ်ပညာ၊ အသိပညာတို့တွင် ခေတ်နှင့်အမီ လိုက်နိုင်ရေး ကြိုးစားနေရသော နိုင်ငံအတွက် ထိုရောဂါဘေးဆိုးကြီးကို တိုက်ထုတ်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများသည် ရုန်းကန်ခဲ့ကြရသည်။ သွေးရည်ကြည်ကုထုံးများ၊ ဆေးဝါး၊ ဓာတ်စာများဖြင့် လူနာများ၏ အသက်ကို ကယ်ဆယ်ကုသခဲ့ကြသည်။

### မကြောက်မရွံ့ကိုယ်ကျိုးစွန့်ခဲ့သူများ

ကိုဗစ်- ၁၉ ကမ္ဘာ့ကပ်ရောဂါသည် အလွန်ပင် ကူးစက်မြန်သဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များ၊ သူနာပြုများသည် မိသားစုများနှင့် ခွဲခွာနေထိုင်ကာ ပင်ပန်းဆင်းရဲသည့် ဒဏ်ကို ခါးစည်းခံရင်း မကြောက်မရွံ့ ကိုယ်ကျိုးစွန့်၍ ရောဂါပိုးနှင့်အနီးကပ် တိုက်ပွဲဝင်ခဲ့ကြသည်။

ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများ ခြေကုန်လက်ပန်းကျပါက ကျန်းမာရေးစနစ်တစ်ခုလုံး ပြိုလဲသွားနိုင်သဖြင့် စိတ်ဓာတ်ခွန်အားဖြစ်စေရန် ပြည်သူတစ်ရပ်လုံးကလည်း လေးစားဂုဏ်ယူကာ လက်ခုပ်တီး၍ အားပေးခဲ့ကြသည်။ ကျန်းမာရေးဝန်ထမ်းများကလည်းပြည်သူကပေးသည့်စိတ်ဓာတ်ခွန်အားများဖြင့် ကာကွယ်ဆေးရရှိသည့် ယနေ့တိုင်အောင် ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ အနိုင်တိုက်နိုင်ခဲ့ကြသည်။

ဆရာဝန်များသည် ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်၌ ဟစ်ပိုကရေးတစ်အုတ်သ် (Hippocratic Oath) ဟုခေါ်သည့် ဆရာဝန်များ လိုက်နာရန် ကျင့်ဝတ်နှင့် ကျမ်းကျိန်လွှာတွင် ရွတ်ဆိုကတိသစ္စာပြုခဲ့သည့်အတိုင်း ကျင့်ဝတ်နှင့်အညီ လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားကာ ပြုစုစောင့်ရှောက်ကုသမှုပေးခဲ့ကြသည်။

အဆင့်မြင့်သည့် အတတ်ပညာတစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက်ထားပြီးသော ဆရာဝန်များသည် လူနာများ၏ အကျိုးစီးပွားကို မိမိအကျိုးစီးပွားထက် ပိုမိုအလေးထားပါမည်ဟု လူအများ၏ ရှေ့တွင် ကတိသစ္စာပြုခဲ့အတိုင်း ဆေးပညာကို ပရော်ဖက်ရှင်နယ်တစ်ရပ်အဖြစ် ခံယူကာ ပရော်ဖက်ရှင်နယ်အပေါ် သစ္စာစောင့်သိခဲ့ကြသည်။

ထို့အတူ သူနာပြုအတတ်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ် တရားလေးပါးအပေါ်အခြေခံထား၍ ဝေဒနာရှင်တို့အား ကိုယ်ကျိုးမငဲ့ဘဲ ပြုစုလုပ်ကိုင်ပေးရသော လုပ်ငန်းတစ်ရပ်ဖြစ်ရာ သူနာပြုများသည်လည်း ကိုယ်ချင်းစာတရားဖြင့် လူနာများကို ကြင်နာမှု၊ သည်းခံမှု၊ စေတနာထားမှု၊ ကျင့်ဝတ်နှင့်အညီ ပြုစုစောင့်ရှောက်မှုပေးခဲ့ကြသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။

### လေးစားဂုဏ်ယူဖွယ်အဖွဲ့အစည်း

အရေးကြုံလာလျှင် ပြည်သူ့ရှေ့မှ မားမား မတ်မတ်ရပ်တည်ပေးသည့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျင့်ဝတ်လိုက်နာမှုနှင့် စွန့်လွှတ်အနစ်နာခံမှု စိတ်နေစိတ်ထားတို့မှာ လေးစားဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

ထိုသို့ ကိုဗစ်- ၁၉ ဒုတိယလှိုင်းကို တိုက်ပွဲဝင်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂ ရက်မှ စတင်၍ အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement–CDM) တွင် ပါဝင်လာကြသည်ကို တွေ့မြင်လာရပါသည်။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့အား လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

> “ငွေကြေးတတ်နိုင်သူများအတွက် ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ကုသနိုင်သော်လည်း အများစုသော ငွေကြေးအခက်အခဲရှိသူ ကျန်းမာရေးချို့တဲ့နေသော ပြည်သူများသည် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်မည့်နေ့ကို ဝေဒနာများကြားမှ ညှိုးငယ်စွာ မျှော်လင့်နေကြ”

ယခုအချိန်သည် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်လုပ်ဆောင်နေရသည့်အချိန် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေး စောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏ အကျိုးကိုရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြပါရန် မေတ္တာရပ်ခံထားသည်။

နိုင်ငံတစ်ခုသည် မှန်ကန်သည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် ရှိ/ မရှိ ဆိုသည်ကို တိုင်းတာနိုင်စွမ်းရှိသည့် အကောင်းဆုံး အညွှန်းကိန်းများတွင် လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှု ရှိ/ မရှိ အပေါ်တွင်လည်း တည်မှီလျက်ရှိသည်။

### ဝေဒနာရှင်များက မျှော်လင့်နေကြပါသည်

လက်ရှိအခြေအနေတွင် ဒီမိုကရေစီအစိုးရပေါ်ပေါက်သည်အထိ ပြည်သူများနှင့်အတူ ရပ်တည်မည်ဟု CDM ပြုလုပ်သည့် ကျန်းမာရေးဝန်ထမ်းများ၏ သဘောထား၊ ခံယူချက်တို့ကို အပြစ်ပြောဆိုလိုခြင်း မဟုတ်ပါ။

ငွေကြေးတတ်နိုင်သူများအတွက် ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ကုသနိုင်သော်လည်း အများစုသော ငွေကြေးအခက်အခဲရှိသူ ကျန်းမာရေးချို့တဲ့နေသော ပြည်သူများသည် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်မည့်နေ့ကို ဝေဒနာများကြားမှ ညှိုးငယ်စွာ မျှော်လင့်နေကြပါသည်။

CDM လှုပ်ရှားမှုတွင် ပါဝင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ၎င်းတို့အပေါ် တလေးတစား အားကိုးအားထားပြုနေရသော၊ ငွေကြေးအကျပ်အတည်းကြောင့် ပုဂ္ဂလိကဆေးရုံ ဆေးခန်းများသို့ သွားလာရန် အခက်အခဲရှိနေသူများကိုလည်း ငဲ့ကွက်ပေးသင့်ပါသည်။

ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးရမည့်လုပ်ငန်းများကို ပြန်လည်တာဝန်ထမ်းဆောင်ခြင်းသည် ဆရာဝန်များ၏ ကတိသစ္စာပြုထားသည့် ဆေးပညာကျင့်ဝတ် (သမားကျင့်ဝတ်) ကို လေးစားလိုက်နာခြင်းဖြစ်သလို တစ်ခါတစ်ရံတွင် ပြဋ္ဌာန်းထားခြင်းမရှိဘဲ နှလုံးသားဖြင့်သာ နားလည်ခံစားနိုင်သည့် ကျင့်ဝတ်ကို လေးစားလိုက်နာခြင်းသည်လည်း ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်သည်ပင်လျှင် ဆေးဖက်ဝင် အသက်ကယ်နိုင်စွမ်း ရှိပါသည်။

ထို့ကြောင့် ကိုဗစ်တိုက်ပွဲတွင် စေတနာထား အသက်ကယ်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်နှင့် သူနာပြုများသည် မည်သည့်အစိုးရနှင့်မျှ မဆိုင်သော၊ မိမိတို့အား ကယ်တင်ရှင်ပုဂ္ဂိုလ်များဟု တလေးတစား အားကိုးနေကြသော ဝေဒနာရှင်ပြည်သူများ၏ ရင်တွင်းမှ ငိုရှိုက်သံများကိုလည်း ကြားသိနိုင်ကြပါစေဟုသာ။ ။

> **“ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့်လုပ်ငန်းများကို ပြန်လည်တာဝန်ထမ်းဆောင်ခြင်းသည် ဆရာဝန်များ၏ ကတိသစ္စာပြုထားသည့် ဆေးပညာကျင့်ဝတ် (သမားကျင့်ဝတ်)ကို လေးစားလိုက်နာခြင်းဖြစ်သလို တစ်ခါတစ်ရံတွင် ပြဋ္ဌာန်းထားခြင်းမရှိဘဲ နှလုံးသားဖြင့်သာ နားလည်ခံစားနိုင်သည့် ကျင့်ဝတ်ကို လေးစားလိုက်နာခြင်းသည်လည်း ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်သည်ပင်လျှင် ဆေးဖက်ဝင် အသက်ကယ်နိုင်စွမ်းရှိ”**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို စစ်ကိုင်းမြို့ရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၊ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်ဆရာတော်များအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်ရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်သို့ သွားရောက်ကာ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အရှင်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး **(ယာပုံ)** ဆရာတော်ကြီးထံမှ သြဝါဒကထာနာယူကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့အတူ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် (မန္တလေး) ရှိ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏာလင်္ကာရာဘိဝံသနှင့် ဒုတိယပါမောက္ခချုပ် (စီမံ) အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြုသော သင်ကြား/စီမံ ဆရာ ဆရာတော် (၇) ပါးတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

**ထောက်ပံ့ကူညီမှုများပေး**

အဆိုပါ အခမ်းအနားဌ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး အစရှိသည့် တန်ခိုးကြီး ဘုရားစေတီများအား အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ထေရဝါဒ ဗုဒ္ဓသာသနာ တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ( ရန်ကုန် / မန္တလေး) ပြန်လည် ဖွင့်လှစ်သင်ကြားနိုင်ရေး လိုအပ်သည်များ မိန့်ကြားပေးစေလိုကြောင်း၊ နိုင်ငံတော်က ကျင်းပပြုလုပ်သည့် ပရိယတ္တိစာမေးပွဲများကိုလည်း ပုံမှန်အတိုင်း ကျင်းပပြုလုပ်နိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပရိယတ္တိ အသင်းကြီးများမှ သာမဏေကျော် စာမေးပွဲများကိုလည်း ကျင်းပမြဲအတိုင်း ကျင်းပနိုင်ရေး လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားများနှင့် ပုံမှန်ကျင်းပလျက်ရှိသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (၄၇) ပါး စုံညီ အစည်းအဝေး များကိုလည်း ဆက်လက် ကျင်းပပြုလုပ်နိုင်ရေး သတ်မှတ်လျာထားပြီး ဖြစ်ကြောင်း လျှောက်ထားပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

**အတတ်နိုင်ဆုံး ဖြည့်ဆည်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အမျိုးသားဓာတ်ရုံ၌ မန္တလေးမြို့ရှိ ဘာသာရေးအသင်းအဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံ၍ လက်ရှိ ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို ရှင်းလင်းပြောကြားကာ ဘာသာရေးအသင်းအဖွဲ့များ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရန် ဆန္ဒရှိပြီး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများမှ တစ်ဆင့် ဆက်သွယ်တင်ပြနိုင်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ SOP များနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်လုပ်ကိုင်ရန်လို



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် State-owned Enterprise (SOE) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေ သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၉) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**အလေးထားဆောင်ရွက်**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနရှိ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း (၅) ခု၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေသုံးသပ်ခြင်း အစည်းအဝေးပြုလုပ်ရခြင်းမှာ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ရငွေနှင့် သုံးငွေကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊ ပိုမိုသုံးစွဲမှု ရှိ/ မရှိ ပြန်လည်သုံးသပ်ရန်၊ အမှန်လိုအပ်ချက်ထက် ပိုလျှံသည့် ဝန်ထမ်းများ မရှိစေရေး ပိုမိုခန့်ထားခြင်းများ မဖြစ်စေရန်၊ မလိုအပ်သည့် အသုံးစရိတ်များ ချွေတာရေး စိစစ်ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ရာတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ရရှိအောင် ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးပြုစေရေး အထူးအလေးထားဆောင်ရွက်ရန်အတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း။

**ရလဒ်ကောင်းများ ရရှိလာမည်**

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် Corporate Governance ကောင်းမွန်သော စီမံအုပ်ချုပ်မှုရှိစေရန် စည်းကမ်းတကျရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ၊ တာဝန်ခံမှုတို့ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ မူဝါဒကောင်းများရှိရန်လိုအပ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့် စနစ်တကျကောင်းမွန်လျှင် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ SOP များနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းမှုအပိုင်းတွင်လည်း မိမိတို့ ရည်မှန်းချက်၊ ဦးတည်ချက်ကို ရရှိနိုင်မည့် စုဖွဲ့မှုမျိုးဖြစ်ရန် လိုအပ်ကြောင်း၊ မြို့နယ်အဆင့်ဝန်ထမ်းအထိ မိမိအဖွဲ့အစည်း၏ ဦးတည်ချက်၊ ရည်မှန်းချက်ကို သိရှိနေရန် လိုအပ်ကြောင်း၊ အကြောင်းကိစ္စ၊ ပြဿနာရှိလျှင် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် မှန်ကန်ပြီး မြန်ဆန်နေရန် လိုအပ်ကြောင်း၊ Conflict of Interest(COI) မဖြစ်စေရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု ဆောင်ရွက်နိုင်လျှင် ရလဒ်ကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အသေးစိတ်ရှင်းလင်းတင်ပြ**

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဖြစ်သည့် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂)သတ္တု တွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့လုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းဖော်ရခြင်းဟု ဆိုရာဝယ်....

*လမင်းလင်း*

**ဖေဖော်ဝါရီလရဲ့ ညနေခင်းတစ်ခုမှာ ငယ်သူငယ်ချင်းက ဖုန်းဆက်လာပါတယ်။ "သူငယ်ချင်း မင်းရုံးတက်သလားတဲ့။ အေး တက်တယ်" လို့ ဖြေလိုက်ရာ စိတ်ဆိုးပါတော့တယ်။ မင်းတာဝန် မကျေဘူးလို့လည်း ဆိုပြန်ပါတယ်။ ငယ်သူငယ်ချင်း၊ ပြောမနာ၊ ဆိုမနာမို့ သူပြောသွားလိုက်တာ မနည်း။ ရှင်းပြသင့်သလောက် ရှင်းပြလိုက်ပေမယ့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ သူ့အတွက်တော့ နိုင်ငံ့ဝန်ထမ်းတစ်ဦးရဲ့ခံယူချက်ကို နားလည်နိုင်လိမ့်မည်မဟုတ်။ မိဘက ငွေကြေးပြည့်စုံတဲ့အတွက် ပညာရေးတွင် မကြိုးစားခဲ့တဲ့ သူငယ်ချင်းက တက္ကသိုလ်တက်တော့လည်း သာမန်လွယ်ကူတဲ့ ဘွဲ့တစ်ခုကိုသာယူပြီး မိဘ လက်ငုတ် လက်ရင်း စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးဆောင်လုပ်ကိုင်နေသူ၊ အတော်အသင့်လည်း အောင်မြင်နေသူ ဖြစ်ပါတယ်။**

ဖုန်းချသွားပြီးသည့်တိုင် သူငယ်ချင်းရဲ့ စကားတွေဟာ နားထဲမှာ ပဲ့တင်ထပ်သလို ပြန်လည်ကြားယောင်နေပါတယ်။ ကိုယ်ပဲ မှားနေတာလား၊ စိတ်က ဝေခွဲမရ။ အတွေးတွေ လေးလေးလံလံ စိတ်နဲ့ကိုယ်နဲ့မကပ်ဘဲ ထမင်းစားချိန် ရောက်လာပါတယ်။ မိသားစုထမင်းဝိုင်းမှာတော့ ကိုယ့်ကို မှီခိုနေတဲ့ အသက် ၇၀ ကျော် အဖေနဲ့အမေ၊ ဇနီးသည်၊ကျောင်းမနေရသေးတဲ့သားလေးတို့ကတော့ ဘာမှမသိရှာဘဲ ထုံးစံအတိုင်း ရယ်ကာမောကာနှင့်။

ဒီလိုနဲ့ ညစဉ်ဘုရားဝတ်ပြုနေကျ အချိန်ရောက်လာတော့ ဘုရားကျောင်းဆောင်ရှေ့ထိုင်၊ ငါးပါးသီလခံယူဆောက်တည်၊ ဘုရားရှိခိုးတော့လည်း စိတ်အာရုံသည် နွားရိုင်းလေးကဲ့သို့ ဟိုပြေးဒီပြေး၊ တောင်စဉ်ရေမရ အတွေးတွေနဲ့သာ ဘုရားဝတ်ပြု ပြီးစီးခဲ့ပါတယ်။ ညအိပ်ချိန်ရောက်တော့လည်း အိပ်မရပြန်။

ကိုယ့်ဘေးမှာ အပူအပင်ကင်းစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ သားလေးကို ကြည့်မိပါတယ်။ အပြစ်ကင်းစွာ အိပ်ပျော်နေလိုက်တာ။ ဒါကြောင့်လည်း သားတို့ရုပ်ရည်၊ သီတာမည့်သား၊ ရေကြည် ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ ဝမ်း၊ ငြိမ်းစတမ်းတည်းဟု ဆိုစမှတ်ပြုခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။ ဒီကလေးငယ်ကို လူလားမြောက်အောင် ကျွေးမွေးပြုစုဖို့ မိဘတို့ဝတ္တရားတွေ ရှိနေပါသေးလား။

ဒါ့အပြင် ကျေအောင်မဆပ်နိုင်သေးတဲ့ မိဘကျေးဇူးတွေ၊ ငယ်စဉ်ကတည်းက သူများတွေလို စည်းစိမ်ဥစ္စာတွေ အမွေပေးစရာ များများစားစား မရှိဘူး၊ ပညာအမွေပဲပေးနိုင်မှာ စာကြိုးစားလို့ အမြဲတဖွဖွဆိုတတ်သည့် မိဘနှစ်ပါးကြောင့်လည်း ပညာရေးကို တန်ဖိုးထားတတ်ခဲ့ပါတယ်။ ဝါသနာပါတဲ့ ဘာသာရပ်တစ်ခုကို အတိုင်းအတာတစ်ခုအထိ လေ့လာလိုက်စားခဲ့ပြီး တက္ကသိုလ်က ဘွဲ့တစ်ခုရခဲ့ပါတယ်။

ဝန်ထမ်းမျိုးရိုးမဟုတ်တဲ့အတွက် ဝန်ထမ်းဆိုတာ ဂုဏ်ရှိတယ်ဆိုပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်စေချင်ခဲ့တဲ့ မိဘတွေရဲ့ ဆန္ဒအတိုင်း အလုပ်လျှောက်ခဲ့ပါတယ်။ အရည်အချင်းစစ် ရေးဖြေနဲ့ နှုတ်ဖြေစာမေးပွဲတွေကို ဖြေဆိုအောင်မြင်ခဲ့တာကလည်း လွယ်လွယ်ကူကူတော့ မဟုတ်ခဲ့ပါ။

ကိုယ်လိုချင်တဲ့ နေရာလေး တစ်ခုရအောင် ပေးဆပ်ခဲ့ရတဲ့အချိန်တွေ၊ အမြဲမပြတ်လေ့လာပြီး ကြိုးစားတည်ဆောက်ခဲ့ရတွေကလည်း ဆယ်စုနှစ်တစ်ခုကြာရှိခဲ့ပြီ။ ကိုယ်လုပ်နေတဲ့ နေရာ၊ တာဝန်၊ လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် ထူးချွန်စွာ တတ်မြောက်သူ(ပညာရှင်) တစ်ယောက်ဖြစ်အောင်လည်း စိတ်ဆန္ဒထက်ထက်သန်သန်နဲ့ ယနေ့တိုင်လည်း ဆည်းပူး လေ့လာ မှတ်သားနေရဆဲဖြစ်ပါတယ်။

ဘယ်လုပ်ငန်းနယ်ပယ်မှာမဆို ကိုယ်တာဝန်ယူလုပ်ကိုင်နေတဲ့ အလုပ်အပေါ် ကျွမ်းကျင် ပိုင်နိုင်စွာ လုပ်ကိုင်နေသူတစ်ယောက်ဟာ ပရော်ဖက်ရှင်နယ်ပဲ ဖြစ်ပါတယ်။ ပရော်ဖက်ရှင်နယ် (Professional ) ပီသတဲ့သူ တစ်ယောက်သည် စိတ်ခံစားချက်ကို ထိန်းသိမ်းနိုင်စွမ်း ရှိရပါမယ်။ အလုပ်တာဝန်နဲ့ ကိုယ်ရေးကိုယ်တာကို ခွဲခြားနားလည်ရပါမယ်။

ကိုယ့်ကိုယ်ကိုယ် ပရော်ဖက်ရှင်နယ်လို့ ခံယူလိုက်တဲ့အတွက် သူငယ်ချင်းရဲ့ သတ္တိနည်းတယ်၊ သူရဲဘောကြောင်တယ်ဆိုတဲ့ စွပ်စွဲချက်အပေါ် ရက်စိတ်နဲ့ ဂယက်ထနေတဲ့ အတွေးတွေကလည်း တည်ငြိမ်စပြုလာပါတယ်။

**သားလေးနဲ့ မိသားစုတွေအတွက် လိမ္မာရမယ်ဆိုတဲ့ အသိတစ်ခုနဲ့ ကိုယ့်ဘဝကို နားလည်၊ အရာရာကို သတိတရားနဲ့ ထိန်းချုပ်ပြီး နေ့စဉ်ဘဝတွေကို ဖြတ်သန်းနေထိုင်နေတဲ့ ကိုယ့်ကို သူငယ်ချင်း နားမလည်နိုင်တာ မဆန်းပါဘူး။ ဒါပေမယ့် အခုလို မိသားစုတွေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်တဲ့ အခြေအနေ၊ ရွေးချယ်မှုတစ်ခု အတွက်လည်း ဆုံးဖြတ်ချက်တွေ မှန်မှန်ကန်ကန်ချလိုက်ပါတော့တယ်။ ယုံကြည်ချက်နဲ့ ရပ်တည်ချက်တွေ ခိုင်မာခဲ့တဲ့ အတွက်လည်း အိပ်ရေးပျက်ရကျိုးနပ်ခဲ့ပါတယ်။**

> **" မြတ်စွာဘုရားသည်ပင် ပါရမီဖြည့်ကျင့်ခဲ့တဲ့ ဘဝတိုင်းမိတ်ဆွေကောင်းတစ်ယောက်ဖြစ်အောင် ကျင့်ကြံနေထိုင်ခဲ့ပါတယ်။ မိတ်ဆွေကောင်းရှိခြင်းဟာ ပြုဖွယ်ကိစ္စတွေကို ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်စေနိုင်တဲ့အတွက် မိတ်ကောင်းဆွေကောင်းတွေကို တန်ဖိုးထားဖို့ လိုအပ်သလို ကိုယ်တိုင်လည်း မိတ်ဆွေကောင်းဖြစ်အောင် ပြုမူနေထိုင်ဖို့ လိုပါတယ်"**

အိပ်ရေးပျက်ခဲ့ပေမယ့် နေ့သစ်ကို အားအင်အသစ်တွေနဲ့ နိုးထနိုင်ခဲ့ပါပြီ။ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ကာလာမသုတ္တန်အတိုင်း အကြောင်းကိစ္စကြီးငယ်၊ ပြဿနာတွေရဲ့ အမှန်တရား၊ အဖြေကို ရှာဖွေတဲ့အခါ ဝေဖန်ပိုင်းခြားနိုင်တဲ့ ကိုယ်ပိုင်ဉာဏ်စွမ်းနဲ့ ဓမ္မဓိဋ္ဌာန်ကျကျ တွေးခေါ်ပြီး ကောက်ချက်ချ ဆုံးဖြတ်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ၃၈ဖြာ မင်္ဂလာတရားတော်မှာ အသေဝနာစ ဗာလာနံ- လူမိုက်ကို မပေါင်းသင်းရခြင်း၊ ပဏ္ဍိတာနဉ္စ သေဝနာ- ပညာရှိ သူတော်ကောင်းကို ပေါင်းသင်းရခြင်း၊ ပူဇာစ ပူဇနေယျာနံ- ပူဇော်သင့် ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုပြီး ကြီးပွားချမ်းသာကြောင်း အမြတ်ဆုံးသော မင်္ဂလာတရားတွေကို မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်။ ဒီတရားတွေနဲ့ ပြည့်စုံတဲ့သူတွေသည် အောင်မြင်လိမ့်မယ်၊ ကြီးပွားချမ်းသာလိမ့်မယ်။ နောက်ဆုံးမှာ နိဗ္ဗာန်ချမ်းသာထိတိုင်အောင် စစ်မှန်တဲ့ ချမ်းသာ သုခကို ရရှိလိမ့်မယ်လို့လည်း ဆိုပါတယ်။

မိတ်ဆွေကောင်း 'ကလျာဏမိတ္တ' နဲ့ ဆက်စပ်ပြီး အခါတစ်ပါးမှာ မြတ်စွာဘုရားကို ညီတော်အာနန္ဒာက လျှောက်ထားတော်မူပါတယ်။ " **အရှင်ဘုရား မိတ်ဆွေအပေါင်းအသင်းကောင်းတွေရှိခြင်းဟာ လုပ်ငန်းကိစ္စတွေကို ထက်ဝက် ၅၀ ရာခိုင်နှုန်း ပြီးမြောက်အောင်မြင်စေတယ်ဆိုတာ ဟုတ်ပါသလား ဘုရားလို့ "** လို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားက " **ဤသို့ ဆိုဖို့ မသင့်ဘူး အာနန္ဒာ"** လို့ မိန့်တော်မူပါတယ်။

ညီတော်အာနန္ဒာက မြတ်စွာဘုရား မကြားလေသလား၊ နားကြားလွဲလေသလား အထင်နဲ့ သုံးကြိမ်တိုင်တိုင် ထပ်မံမေးတော်မူရာ သုံးကြိမ်စလုံး ငြင်းပယ်တော်မူပါတယ်။ **"ညီတော် ဒီစကားဟာ မှားပါတယ်။ မိတ်ကောင်းဆွေကောင်းတွေရှိတဲ့အခါ လုပ်ဆောင်ဖွယ်ရာ ကိစ္စတွေဟာ ထက်ဝက်သာမက အလုံးစုံပြီးမြောက် အောင်မြင်စေနိုင်ပါတယ်"** လို့ မြတ်စွာဘုရားက အတိအလင်း ဖြေကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားသည်ပင် ပါရမီဖြည့်ကျင့်ခဲ့တဲ့ ဘဝတိုင်းမိတ်ဆွေကောင်းတစ်ယောက် ဖြစ်အောင် ကျင့်ကြံနေထိုင်ခဲ့ပါတယ်။ မိတ်ဆွေကောင်းရှိခြင်းဟာ ပြုဖွယ်ကိစ္စတွေကို ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်စေနိုင်တဲ့အတွက် မိတ်ကောင်းဆွေကောင်းတွေကို တန်ဖိုးထားဖို့ လိုအပ်သလို ကိုယ်တိုင်လည်း မိတ်ဆွေကောင်း ဖြစ်အောင် ပြုမူနေထိုင်ဖို့ လိုပါတယ်။

မည်သည့်အကျိုးတရားမဆို အကြောင်းတရားမကင်းတာမို့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားကာ သူ့အတွက်ရော ကိုယ့်အတွက်ပါ အကျိုးများစေမယ့် အတွေးတွေ၊ အပြောတွေနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်သူမိတ်ဆွေစစ်တွေနဲ့သာ ပေါင်းဖော်နိုင်ပြီး အမှားအမှန်ကို ကိုယ်ပိုင်ဆင်ခြင် စဉ်းစားဉာဏ်ဖြင့် ဝေဖန်ပိုင်းခြား အမှားကင်းနိုင်ကြပါစေ။ ။

## ရခိုင်ပြည်နယ်၌ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လှည့်လည်ကြည့်ရှု

**စစ်တွေ ဖေဖော်ဝါရီ ၂၂**

ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း၊ စစ်တွေမြို့ ပြည်တော်သာရပ်ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းခွဲ(ရေတပ်)ကျောင်း၊ ပြည်တော်သာရပ်ကွက် အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဘောလုံးကွင်းရပ်ကွက်ရှိအမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး အခြေခံပညာကျောင်းများ၌ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသော တပ်ဖွဲ့ဝင်များသည် အခြေခံပညာ ကျောင်းများ၌ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များဝိုင်းဝန်းရှင်းလင်းခြင်း၊ ကျောင်းသားကျောင်းသူများ အန္တရာယ်ရှိနိုင်သော သစ်ပင်များကို ခုတ်ဖြတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# (၃၉) ကြိမ်မြောက် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

(၃၉) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး (39th Meeting of the High–level Task Force on ASEAN Economic Integration – HLTF–EI ) ကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တက်ရောက်သည်။(ယာပုံ)




အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့် ၂၀၂၁ ခုနှစ်အတွင်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လမ်းပြမြေပုံကာလလယ် သုံးသပ်ချက် ဆောင်ရွက်မှုအခြေအနေ၊ ၂၀၂၅ ခုနှစ် အလွန် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်၊ စတုတ္ထစက်မှုအသွင် ကူးပြောင်းရေးမူဘောင် အကောင်အထည်ဖော်ရန်ကိစ္စရပ်များ၊ အာဆီယံအနေဖြင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့မည့် အစီအစဉ်၊ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်နှင့် ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ယခုအစည်းအဝေး ကျင်းပပေးသည့်အတွက် ဘရူနိုင်းနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂ၊ ဘင်းစတက်နှင့် မဲခေါင်အဖွဲ့အစည်းများ စသည့် ဒေသတွင်းနှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာပါဝင်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိ ဆောင်ရွက်နေသည့် နှစ်နိုင်ငံနှင့် နိုင်ငံစုံစာချုပ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Gabriel Lim က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

သတင်းစဉ်

# ဝန်ထမ်းများ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန်ဖြင့် စည်းလုံးညီညွတ်စွာ လုပ်ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ကော်မတီဝင်များနှင့် ဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် (၄၆)လမ်းရှိ (၁၂)ထပ်ခွဲရုံး၌ ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးက ကော်မတီရှိ ဌာနများ၏ မြေပြင်၌ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို ယခင်ရက်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အားရကျေနပ်မှုများ ရှိပါကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန်ဖြင့် စည်းလုံးညီညွတ်စွာ လုပ်ဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးညီညီက ဌာနများ၏ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးသုံးစွဲမှုနှင့် ဌာနများ စီမံခန့်ခွဲထားရှိရေး ကိစ္စရပ်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးညွန့်ဖေက ဝန်ထမ်းများအား လစာထုတ်ပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေး ပြောကြားကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနများမှ ဌာနမှူးများက သက်ဆိုင်ရာဌာနများအလိုက် မြေပြင်၌ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ မြို့တော်ဝန်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့်ဘဏ်ခွဲအသီးသီးတို့၌ အငြိမ်းစားဝန်ထမ်းများ၏ပင်စင်လစာများ အဆင်ပြေချောမွေ့စွာထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့်ဘဏ်ခွဲများတွင် အငြိမ်းစားဝန်ထမ်းများ လွယ်ကူချောမွေ့စွာပင်စင်လစာများ ထုတ်ယူနိုင်စေရန်အတွက် ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာဘဏ်များ၌ဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်စား အငြိမ်းစားဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရှိရသည်။

**ကူညီဆောင်ရွက်ပေး**

ပင်စင်လစာထုတ်ပေးမှုတွင် သက်ဆိုင်ရာမြို့နယ်များအလိုက် မြန်မာ့စီးပွားရေးဘဏ်များနှင့်ဘဏ်ခွဲများရှေ့သို့ ရောက်ရှိလာကြသော အငြိမ်းစားဝန်ထမ်းများအား တုံကင်ကတ်ပြားများပေးဝေကာ ၃ ဦးတစ်ဖွဲ့၊ ၅ ဦးတစ်ဖွဲ့၊ ၈ ဦးတစ်ဖွဲ့၊ ၁၀ ဦးတစ်ဖွဲ့စီဖြင့် အစီအစဉ်တကျဘဏ်အတွင်းသို့ ဝင်ရောက်ထုတ်ယူစေခဲ့ကြောင်း သိရသည်။

ထိုသို့ပင်စင်လစာများထုတ်ပေးမှုတွင် စနစ်တကျလွယ်ကူစွာ ထုတ်ယူနိုင်စေရန် ဘဏ်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**အဆင်ပြေစွာထုတ်ယူနိုင်**

အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာများ လစဉ် ၂၁ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် ၂၁ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် အဆင်ပြေစွာထုတ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**ဇီဝမျိုးစုံ ကြွယ်စေဖို့**

**သဘာဝတောတွေ ထိန်းသိမ်းစို့**

# နွေပူပူမှာ ရေလိုက ရေချိုဖြစ်စေခဲ့သူ

နွေမ

ယနေ့ခေတ်တွင် ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ရာသီဥတုကပ်ဘေးပြဿနာက တစ်ကမ္ဘာလုံး အတိုင်းအတာထိ ရိုက်ခတ်လျက် ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တော ပြုန်းတီးမှု၊ တောတောင် ပြုန်းတီးမှု၊ အဖိုးတန်ဓာတ်သတ္တုများ အလွန်အကျွံ ထုတ်ယူသုံးစွဲမှု၊ မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှု အစရှိသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော အပြုအမူလုပ်ရပ်များကြောင့် နောက်ဆက်တွဲ ကြုံတွေ့လာရသည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့လာနေရပြီ ဖြစ်သည်။ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကုစားရန်လည်း အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ရန် လိုအပ်နေချိန်လည်း ဖြစ်ပါသည်။ နိုင်ငံတကာမှ သုတေသနပြုစုထားသည့် စစ်တမ်းအချို့အရ မြန်မာနိုင်ငံသည်လည်း အာရှတွင်သာမက ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ပိုမို ထိခိုက်ခံစားလာနေရသည့် နိုင်ငံများစာရင်း၌ ပါဝင်နေပြီဖြစ်ကြောင်း သိရသည်။

### ရေများသည့်ဒုက္ခနှင့် ရေရှားသည့်ဒုက္ခ

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှုများကြောင့် စိုက်ပျိုးရေးကို အဓိက အားထားလုပ်ကိုင်နေကြရသည့် ဒေသကြီးများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်းအစရှိသည့် သဘာဝဘေးဒဏ်တို့ကို အလူးအလဲခံစားနေကြရသည်။ တစ်နည်းအားဖြင့် အချို့ဒေသများတွင် ရေကြီးခြင်းဒုက္ခကို ခံစားနေရသလို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတို့တွင် မိုးခေါင်မှုကြောင့် မိုးရေကိုသာ အဓိကအားထားနေရသည့် ဒေသများ၌နွေရာသီတွင်စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးမှု၊ ပြတ်လပ်မှု ကြုံတွေ့နေရသည်။ အခြေအနေ နှစ်ရပ်အရ အချို့က ရေများသည့် ဒုက္ခကို ခံစားနေရခြင်း၊ အချို့က ရေရှားပါးသည့် ဒုက္ခကို ခံစားနေရပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေ အလုံအလောက်ရရှိရန်မှာ ဒေသခံတောင်သူများအတွက် လတ်တလော အဓိကလိုအပ်ချက်ပင် ဖြစ်လို့နေပါသည်။ ထို့ကြောင့် တစ်ဖက်က သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမည်ဖြစ်သလို တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော ရေရှားပါးမှုကို အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ ဖြေရှင်းရန်မှာ အလွန်အရေးကြီးကြောင်း ပြသနေပါသည်။



ဝေဝေဆာဆာဖူးပွင့်လာသည့် ငုပန်းများက နွေ၏ သရုပ်ကိုပီပြင်စေသကဲ့သို့ မြင့်တက်လာသည့် အပူချိန်များကြောင့် လောကဓာတ်တစ်ခွင်သည် ခြောက်သွေ့လာကာ ရေတွင်း၊ ရေကန်များသည်လည်းရေခန်းခြောက်လာ၍ ရေရှားပါးသည့် ဒေသများတွင် ရေရရှိရေးအတွက် ကြိုးစားကြရပေဦးမည်။ ရေအရင်းအမြစ်ကြွယ်ဝသည့် အမိမြန်မာနိုင်ငံသည် နှစ်စဉ် ရေရှားပါးခြင်းကို ကြုံတွေ့နေ ရသည်မှာ ဖောင်စီးရင်း ရေငတ်သကဲ့သို့ပင် ဖြစ်နေသည်။ အယ်လ်နီညို၊ လာနီညာကဲ့သို့သော အစွန်းရောက်မိုးလေဝသအခြေအနေများကြောင့် မိုးခေါင်ခြင်း၊ မိုးများခြင်းများသည်လည်း ရေအရင်းအမြစ်များကို ထိခိုက်လာစေသည်။ ဤကဲ့သို့ အရေးကြီးလာသော ရေကဏ္ဍကို ပိုမိုသတိပြုမိစေရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ မတ်လ ၂၂ရက်နေ့ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ထားသည်။ ရေဖူလုံရေးအတွက် နိုင်ငံအဆင့် ရေတို၊ရေရှည် စီမံချက်များချမှတ်၍ ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ တစ်ဦးတစ်ယောက်ချင်းစီမှလည်း ရေချိုကိုစည်းကမ်းရှိရှိ ထားသုံးစွဲကြရန် တိုက်တွန်းလိုပါသည်။

### ရေရှားမှုကြုံရသည့် တိုင်း ၃ တိုင်း

မြန်မာနိုင်ငံတွင် နွေရာသီရေရှားသည့် ပြဿနာကို အပူပိုင်းဇုန် တိုင်း ၃ တိုင်းဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့်မန္တလေးတိုင်းဒေသကြီးများတွင် အများဆုံး ကြုံတွေ့နေရပြီး ယခုအခါ ရာသီဥတု ပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းများကြောင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်အချို့တွင်လည်း ရေရှားပါးသည့် ပြဿနာကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ရေရှားပါးပြဿနာကို ဖြေရှင်းရန်မှာ အပြောလွယ်သလောက် လက်တွေ့လုပ်ဆောင်ရာမှာ အခက်အခဲများစွာ ရှိနိုင်ပါသည်။

ရာသီဥတုဖြစ်စဉ် ပြောင်းလဲလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ စိမ့်စမ်းများခန်းခြောက်လာခြင်း၊ မြေအောက်ရေခန်းခြောက်မှုများ ဖြစ်ပေါ်လာခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာများအနေဖြင့် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့လာရသည့်အတွက် ရေရှားကျေးရွာများတွင် သောက်သုံးရေ ရရှိစေရန် အလို့ငှာ ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် အယ်လ်နီညို ကာလမှစ၍ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO များ၊ အလှူရှင်များနှင့် ပေါင်းစပ်၍ ဘဏ္ဍာရေးနှစ်အလိုက် သောက်သုံးရေဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ သောက်သုံးရေပြတ်လပ်မှုများကို ချက်ချင်း တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ကျေးရွာများသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ဖြန့်ဝေထားရှိပြီး (ဖုန်း၊ Facebook၊ Messenger၊ Viber) မှလည်း သတင်းပေးပို့နိုင်ရန်အတွက် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ရေရှားပါးပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်နိုင်စေရန်နှင့် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ www. water-donation.com website တွင် ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ နွေရာသီရေရှားပါးကျေးရွာ ၂၂၃၆ ရွာသို့ ရေဂါလန်ပေါင်း ၃၀ ဒသမ ၀၃၅၄သန်း ဖြန့်ဝေပေးခဲ့ပြီး အိမ်ခြေ ၀ ဒသမ ၅၀ သန်း၊ လူဦးရေ ၂ ဒသမ ၄၁၀ သန်း အကျိုးခံစားရရှိခဲ့ပါသည်။ ထို့အပြင် ဦးစီးဌာနပိုင် ရေသန့်စင်ကား ၁၀ စီးဖြင့် လည်းကောင်း၊ ရေသယ်ယာဉ် အစီး ၂၀ ဖြင့်လည်းကောင်း ရေရှားပါးကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက် ရှိပါသည်။ ရေရှည်အစီအမံအနေဖြင့် ရေရှားပါးကျေးရွာများအတွက် ဒေသအလိုက်ရေရရှိနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်၍ ဦးစားပေးအလိုက် ရန်ပုံငွေလျာထားဆောင်ရွက်ခြင်း၊ နှစ်အလိုက် အစီအမံများ လျာထားဆောင်ရွက်၍ ရေရရှိရေးနည်းလမ်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် မတ်လမှ ဇူလိုင်လအတွင်း နွေရာသီရေရှားပါးကျေးရွာများတွင် သောက်သုံးရေဖြန့်ဝေခြင်းများ ဆောင်ရွက်ရာ၌ ကိုဗစ်ကာလဖြစ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချမှတ်ထားသည့် နေထိုင်မှုပုံစံသစ် (The New Normal) ကို လိုက်နာပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရေး လမ်းညွှန်ချက်များဖြင့် ရေဖြန့်ဝေပေးနိုင်ခဲ့သည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နေရသော ကျေးလက်ဦးစီး၏ ဝန်ထမ်းများအတွက် မှတ်ကျောက်တင်ခံနိုင်ခဲ့သည့် အောင်မြင်မှု အနှစ်သာရဟုပင် ဆိုနိုင်ပါသည်။

**နွေရာသီ ရေပြတ်လပ်မှုအပေါ် ဆောင်ရွက်ပေးမှု**

| ခုနှစ် | ရေဖြန့်ဝေခြင်း | | | ရေရှည်ရေရရှိရေး ဆောင်ရွက်ပေးမှု | |
|---|---|---|---|---|---|
| | မြို့နယ် | ကျေးရွာ | ရေဂါလန်(သန်း) | ကျေးရွာ | လုပ်ငန်း |
| ၂၀၁၆ | ၁၅၀ | ၈၆၀ | ၇.၀၃ | | |
| ၂၀၁၇ | ၉၁ | ၅၂၇ | ၁၅.၇ | ၂၅၅ | ၂၅၅ |
| ၂၀၁၈ | ၄၃ | ၁၁၃ | ၀.၇၇ | ၄၃ | ၄၃ |
| ၂၀၁၉ | ၁၀၆ | ၃၈၉ | ၂.၉ | ၂၈၄ | ၂၈၄ |
| ၂၀၂၀ | ၈၅ | ၃၄၇ | ၃.၅ | ၂၀၄ | ၂၀၄ |
| ၂၂အနှန်မှုနှင့်း | ၈၆ | ၃၄၇ | | ၁၀၃ | ၁၀၃ |

### နွေပူပူမှာ ရေချိုလိုပါက ဆက်သွယ်နိုင်

မကြာမီရောက်ရှိလာတော့မည့် ၂၀၂၁ ခုနှစ် နွေရာသီကာလအတွင်း သောက်သုံးရေမပြတ်လပ်စေရေးအတွက် ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ် ၁၇ ခုနှင့်အတူ (virtual meeting) ဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးကြီးများ၏ တင်ပြချက်အရ ၂၀၂၁ခုနှစ် နွေရာသီကာလတွင် မြို့နယ် ၈၆ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၄၇ ရွာတွင် သောက်သုံးရေရှားပါးနိုင်ကြောင်း ခန့်မှန်းသိရှိရပါသည်။ နွေ၏အငွေ့အသက် ရရုံမျှဖြင့် ရေရှားပါးပြတ်လပ်မှုသတင်းများကို စတင်ကြားနေရပြီဖြစ်ပါသည်။ လတ်တလောအနေဖြင့် ကယား၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း၊ နေပြည်တော်စသည့် တိုင်းဒေသကြီး/ပြည်နယ်ငါးခုရှိ ကနဦးသောက်သုံးရေရှားပါးသည့် ကျေးရွာ ၁၇ ရွာတွင် ရေဂါလန်ပေါင်း ၄၄၆၀၀ ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ရေရရှိရေးလွှမ်းခြုံမှုမှာ ၆၁ ရာခိုင်နှုန်းရှိရာမှ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ ၇၇.၅ ရာခိုင်နှုန်း ရှိလာခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာ ခိုင်နှုန်းပြည့်မီနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၆) မျှော်မှန်းချက်များ၊ ကျေးလက်ရေရရှိရေး မဟာဗျူဟာပါ ရည်မှန်းချက်များပြည့်မီစေရေး၊ ကျေးလက်ဒေသများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကြိုးပမ်းကြရာတွင် ပြည်သူ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍအနေဖြင့်ရှိနေပြီး ပြည်သူနှင့်အစိုးရ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပါက လက်တစ်ကမ်းတွင်ရှိနေသော အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်သဖြင့် တာဝန်သိ၍ တိုင်းပြည်ကိုချစ်သော နိုင်ငံသားများအနေဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြစေရန် တိုက်တွန်းရင်း နွေပူပူမှာ ရေချိုလိုအပ်ပါကလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ချင်ပါတော့သည်။ ။

**“အခြေအနေနှစ်ရပ်အရ အချို့က ရေများသည့်ဒုက္ခကို ခံစားနေရခြင်း၊ အချို့က ရေရှားပါးသည့် ဒုက္ခကို ခံစားနေရပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေ အလုံအလောက် ရရှိရန်မှာ ဒေသခံတောင်သူများအတွက် လတ်တလော အဓိကလိုအပ်ချက်ပင် ဖြစ်လို့နေ”**

# ရခိုင်ပြည်နယ်၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်မှုမရှိခဲ့ပါကြောင်း၊ သို့သော်လည်း ယခင်လုပ်ဆောင်ခဲ့သော အတွေ့အကြုံများဖြင့် ပူးပေါင်းကာ ပိုမိုကောင်းမွန်သည့် အခမ်းအနားတစ်ခုဖြစ်အောင် ကြိုးစားလုပ်ဆောင်ပေးကြစေလိုကြောင်း၊ ယခုပူဇော်ပွဲတွင် ယခင်နှစ်က ပူဇော်ပွဲ မလုပ်ဆောင်နိုင်သည့်အတွက် ယခုနှစ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် ယခင်နှစ်က ဘွဲ့တံဆိပ်တော်ရရှိခဲ့သော ဆရာတော်များကို စုပေါင်းကာ ပူဇော်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်နှစ်များထက် ပိုမိုပြည့်စုံကောင်းမွန်သော အခမ်းအနားပွဲတော်တစ်ခုဖြစ်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် မိမိတို့ဗုဒ္ဓဘာသာဝင်များအနေဖြင့် ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို ပူဇော်ခွင့်ရရှိခြင်းသည် ကုသိုလ်ရရှိပြီး မင်္ဂလာရှိသည့်အတွက်ကြောင့် တာဝန်ယူဆောင်ရွက်ရမည့် ကော်မတီဝင်များအနေဖြင့် စေတနာထားကာ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ အတွင်းရေးမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးစိုင်းသော်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်သာသနာရေးမှူးတို့က ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းနှင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည့် လုပ်ငန်းအစီအမံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လှိုင်းဘွဲမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိ

**လှိုင်းဘွဲ ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စား အငြိမ်းစားဝန်ထမ်းများအား ယနေ့နံနက်ပိုင်းက ပင်စင်လစာများကို ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ခြင်းအတွက် စနစ်တကျရှိစေရန် လက်ဆေးခြင်း၊ နှာခေါင်းစည်း တပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးသည်။

လှိုင်းဘွဲမြို့နယ်တွင် ပင်စင်စား ဦးရေ ၈၀၀ ခန့်ရှိပြီး ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက် တစ်ရက်တည်းသာ စုပြုံထုတ်ပေးခြင်း မဟုတ်ဘဲ ဖေဖော်ဝါရီ ၂၂ ရက် နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဘဏ်မန်နေဂျာထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပခုက္ကူမြို့၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားပြည်သူများအား ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက စတင်၍ အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ပင်စင်လစာငွေများ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဘဏ်အတွင်းသို့ ဝင်ရောက်ရာတွင် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်းနှင့် ပင်စင်လစာငွေများ ထုတ်ပေးရာ၌ စနစ်တကျ ဖြစ်စေရေးအတွက် အလှည့်ကျဖြင့် ထုတ်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**ဆလိုင်းကိုကီး**




# မုံရွာမြို့ အောင်ချမ်းသာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီက မုံရွာမြို့ အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံမှ ရေအရင်းအမြစ်အသုံးချရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနပိုင် ၁၃၂/၆၆ ကေဗွီ ၄၅ အမ်ဗွီအေအား ဝန်အားလျှော့ချနိုင်ရေးအတွက် မုံရွာမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့အား ဓာတ်အားဖြန့်ဖြူးပေးနေသည့် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ထရန်စဖော်မာအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနပိုင် ၁၃၂/၃၃ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာမှ ပြောင်းလဲတပ်ဆင် ဓာတ်အားပေးနိုင်ရေးနှင့် Solar ဓာတ်အားပေးစက်ရုံမှ ခွဲရုံသို့ ဆက်သွယ်မည့် Switchbay တည်ဆောက်မှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးသည်။



မကြာမီကာလတွင် နွေရာသီရောက်ရှိတော့မည် ဖြစ်ရာ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုများပြားမည် ဖြစ်သောကြောင့် လိုအပ်သည့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ပြုပြင်ဖြည့်ဆည်းပေးလျက် ရှိရာတွင် ကုန်ကျစရိတ်များအား သက်ဆိုင်ရာသို့ တာဝန်ရှိသူ၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ လွိုင်ကော်မြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အီရန်အစိုးရနှင့် ဆက်သွယ်မှုပြုလုပ်နိုင်ရေး အမေရိကန်တို့စတင်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

**အီရန်နိုင်ငံအတွင်း ထိန်းသိမ်းခံထားရသည့် အမေရိကန်နိုင်ငံသားများနှင့် ပတ်သက်ပြီး ဆွေးနွေးနိုင်ရေး အီရန်နှင့် ဆက်သွယ်မှုကို အမေရိကန်တို့စတင်ခဲ့ကြောင်းအိမ်ဖြူတော်မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။**

နျူကလီးယားအရေးနှင့် ပတ်သက်ပြီး အမေရိကန်သည် အီရန်နှင့် တိုက်ရိုက်ဆွေးနွေးမှုပြုလုပ်ရန် အသင့်ရှိသည်ဟု ၎င်းက ဖော်ညွှန်းပြောဆိုသည်။

အမျိုးသား လုံခြုံရေးအကြံပေးဖြစ်သူ ဂျိတ်ဆူလီဗန်က စီဘီအက်စ်နယူးစ်နှင့်အင်တာဗျူးတွင် ယခုလို မှတ်ချက်ချ ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ထိန်းသိမ်းခံထားရသူများအရေးကိစ္စနှင့် ပတ်သက်ပြီး အီရန်နှင့် ဆက်သွယ်နိုင်ရေးစတင်နေပြီဟု ၎င်းက ပြောကြားခဲ့သည်။

ရှေ့ဆက်ပြီး ဆက်လက်လုပ်ဆောင်မည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီးအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အီရန်နှင့်စားပွဲဝိုင်းတွင် ဆွေးနွေးမှုပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်ဟု၎င်းက ပြောကြားခဲ့သည်။ တီဟီရန်ရှိ ဆွစ်သံရုံးမှတစ်ဆင့် အမေရိကန်အစိုးရအဖွဲ့သစ်၏ သတင်းစကားကို လက်ခံရရှိပြီးဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆာအစ်ခက်တစ်ဇာဒက်က ပြောသည်။ အီရန်နှင့်အမေရိကန်တို့ နှစ်နိုင်ငံလုံး တိုက်ရိုက် ဆက်သွယ်မှုမရှိဟု ၎င်းကပြောကြားခဲ့သည်။ အီရန်နိုင်ငံအနေဖြင့် အမေရိကန်ဘက်မှ ကမ်းလှမ်းချက်ဖြစ်သော တိုက်ရိုက်ဆွေးနွေးပွဲကို သဘောတူရန် အစီအစဉ် ရှိ မရှိ မသဲကွဲသေးပေ။



အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ ဂျိတ်ဆူလီဗန်။

ဖြစ်နိုင်သည့် ဆွေးနွေးမှုများ မစတင်မီ အမေရိကန်ဘက်မှ ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးရမည်ဟု အီရန်ဘက်မှ တစိုက်မတ်မတ်တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**





အဘူဒါဘီတွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်သည့် လက်နက်ပြပွဲကို တွေ့ရစဉ်။

## ယူအေအီးနိုင်ငံ လက်နက်ပြပွဲတွင် အစ္စရေးကုမ္ပဏီများ ပါဝင်လာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၂**

ယူအေအီးနိုင်ငံတွင် ပြုလုပ်သည့် လက်နက်ပြပွဲသို့ အစ္စရေးနိုင်ငံမှ ကုမ္ပဏီများ ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာသည်ဟု သိရသည်။

ယူအေအီးနိုင်ငံ မြို့တော် အဘူဒါဘီတွင် ဖေဖော်ဝါရီ ၂၁ ရက်က အရှေ့အလယ်ပိုင်းဒေသ၏ အကြီးဆုံးလက်နက်ပြပွဲကြီးကို ကျင်းပခဲ့သည်။ နိုင်ငံပေါင်း ၆၀ မှလက်နက်ကုမ္ပဏီကြီးများ ပါဝင်ပြသခဲ့ကြပြီး အစ္စရေးကုမ္ပဏီများလည်း လက်နက်ပြပွဲအတွင်းပါဝင် ပြသခဲ့ကြသည်။ နှစ်ပေါင်း ၂၀ ကျော် ရန်သူအဖြစ် ရှိနေခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်အတွင်း အစ္စရေးနှင့် ယူအေအီးနိုင်ငံတို့သည် ပုံမှန်ဆက်ဆံရေးထူထောင်ရန် သဘောတူခဲ့ကြသည်။

အစ္စရေးကုမ္ပဏီများက ရိုင်ဖယ်များ၊ဒရုန်းများ အပါအဝင် အခြားသောလက်နက်များကို ပြသခဲ့ကြသည်။ ယူအေအီးတပ်ဖွဲ့မှ အရာရှိများကို ဝန်ထမ်းများက ရှင်းလင်းပြသခဲ့ကြသည်။

အစ္စရေးနိုင်ငံမှ လက်နက်ကုမ္ပဏီတစ်ခုသည်လည်း မကြာသေးမီအတွင်းက ယူအေအီးနိုင်ငံ အဘူဒါဘီတွင်ရုံးခန်းဖွင့်လှစ်ထားကြောင်း၊ ယူအေအီးနိုင်ငံက ၎င်းတို့ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နှစ်နိုင်ငံမှာ လက်နက်ဈေးကွက်တွင် နက်ရှိုင်းသည့် ဆက်ဆံရေးရှိသည်။ အချို့သော ယူအေအီးကုမ္ပဏီများသည် အစ္စရေးထုတ်ကုန်များအပေါ်တွင် သဘောတူစာချုပ်များ ရှိသည်။

အစ္စရေးနိုင်ငံသည် ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေဆဲကာလဖြစ်သည့်အတွက် အစ္စရေးကုမ္ပဏီက လက်နက်ပြပွဲတွင် အနည်းငယ်သာ ပါဝင်ပြသနိုင်ခဲ့သည်။ ယူအေအီးနိုင်ငံသည်လည်း အစ္စရေးနိုင်ငံနှင့် ကောင်းမွန်သော ဆက်ဆံရေးဆန္ဒရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ပေါ်တူဂီနိုင်ငံတွင် လေးလတာအတွင်း ကိုဗစ်-၁၉ ကူးစက်မှုအနိမ့်ဆုံးအဖြစ် စံချိန်တင်

**လစ္စဘွန်း ဖေဖော်ဝါရီ ၂၂**

ပေါ်တူဂီနိုင်ငံတွင် ဖေဖော်ဝါရီ ၂၁ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၁၈၆ ဦး တွေ့ရှိခဲ့ရာ လေးလတာကာလအတွင်း ပေါ်တူဂီနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု အနိမ့်ဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

ပေါ်တူဂီနိုင်ငံတွင် စုစုပေါင်း ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၇၉၇၅၂၅ ဦး ရှိသည်ဟု ပေါ်တူဂီကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၆၅ ဦး ထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၁၅၉၆၂ ဦးရှိသည်ဟု ပေါ်တူဂီကျန်းမာရေးညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

တိုင်းပြည်အတွင်း လက်ရှိအချိန်တွင် ကိုဗစ် -၁၉ ကြောင့် ဆေးရုံတက်ကာ ကုသမှုခံယူနေရသူပေါင်း ၃၃၁၆ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၆၃၈ ဦးရှိသည်ဟု ပေါ်တူဂီကျန်းမာရေးညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

နောက်ထပ် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၂၃၀၆ ဦးရှိလာသည်ဟု ပေါ်တူဂီကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ပေါ်တူဂီနိုင်ငံတွင် ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ ပြန်လည်ကျန်းမာလာသူ အရေအတွက်စုစုပေါင်း ၆၉၉၂၂ ဦးရှိသည်ဟု သိရသည်။

ပေါ်တူဂီ ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်ရုံး၏ ထုတ်ပြန်ချက်များအရ ပေါ်တူဂီနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ပထမအကြော့ ထိုးပေးပြီးသူ ၄၂၉၀၂၀ ရှိပြီး ဒုတိယအကြော့ ကာကွယ်ဆေးထိုးပေးပြီးသူ ၂၄၆၄၃၃ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**



ပေါ်တူဂီနိုင်ငံတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားကြသည့် ပြည်သူများကို တွေ့ရစဉ် ။

## ကုလသမဂ္ဂ သံတမန် ဒမတ်စကတ်မြို့သို့ သွားရောက်မည်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂**

ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဂီယာပီဒါဆန်သည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ ဖေဖော်ဝါရီ ၂၁ ရက်က သွားရောက်ခဲ့သည်။

ဆီးရီးယားနိုင်ငံ ပဋိပက္ခကို နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင်ရေးအတွက် ဆီးရီးယားနိုင်ငံမှ အာဏာပိုင်များနှင့် ဆွေးနွေးရန် သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ ဖြေရှင်းနိုင်မည့် ပြဿနာများစွာရှိနေသေးသည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၂၅၄ ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်ရွယ်သွားမည်ဟု ၎င်းကပြောသည်။

ဆီးရီးယားပြည်သူများ၏ အခက်အခဲကိုလည်း နားလည်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေကော်မတီကို ၂၀၁၉ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ဆီးရီးယားနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြန်လည်ရေးဆွဲရန်နှင့် ဆွေးနွေးမှုပြုလုပ်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယခုအချိန်အထိ တိုးတက်မှု တစ်စုံတစ်ရာ မရရှိသေးပေ။

**ဆင်ဟွာ**

# နီပေါနိုင်ငံတွင် နောက်ထပ် ကိုဗစ် - ၁၉ ကာကွယ်ဆေး တစ်သန်းရောက်ရှိပြီးနောက်တွင် ဒုတိယအကြိမ် ထိုးနှံမှုစတင်တော့မည်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၂

**နီပေါနိုင်ငံသည် နောက်ထပ် ကိုဗစ် – ၁၉ ကာကွယ်ဆေးတစ်သန်းကို ဖေဖော်ဝါရီ ၂၁ ရက်က အိန္ဒိယနိုင်ငံထံမှ လက်ခံရရှိခဲ့ပြီး မတ် ၇ ရက်တွင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် –၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးရန် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု ကျန်းမာရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပြောသည်။**



နီပေါနိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးသည့်နေရာကို တွေ့ရစဉ်။

နီပေါနိုင်ငံသည် အိန္ဒိယအစိုးရမှ ထောက်ပံ့ပေးထားသည့် ကိုဗစ်ရှီး (Covishield) ကာကွယ်ဆေး တစ်သန်းကို ဇန်နဝါရီ၂၁ ရက်က လက်ခံရရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်း နီပေါအစိုးရသည် အိန္ဒိယနိုင်ငံ၏ ဆီရမ်အင်စတီကျူနှင့် သဘောတူညီမှု ပြုလုပ်ထားပြီး ကာကွယ်ဆေး ၂ သန်းရယူရန် သဘောတူထားသည်။

အိန္ဒိယကုမ္ပဏီနှင့် သဘောတူညီမှုအရ ကာကွယ်ဆေးတစ်သန်းကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ရရှိခဲ့ပြီး ဖြစ်ကြောင်း နီပေါနိုင်ငံကျန်းမာရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဂေ့ရှ်ဝါဂေ့ါတန်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည် ။

နောက်ထပ် ကာကွယ်ဆေးတစ်သန်းမှာလည်း ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် အချိန်အတွင်း လျင်လျင်မြန်မြန် ရောက်ရှိလာမည်ဟု မျှော်လင့်ထားသည်။

နီပေါနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် ကာကွယ်ဆေးဝယ်ယူခြင်းလည်း ဖြစ်သည်။ အိန္ဒိယအစိုးရက ပထမဆုံးအကြိမ် ထောက်ပံ့ပေးထားသည့် ကိုဗစ် –၁၉ ကာကွယ်ဆေးကို ဇန်နဝါရီ ၂၇ ရက်တွင် ပြည်သူများကို ပထမအကျော့အဖြစ် ကာကွယ်ဆေးထိုးပေးခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပါဝင်ကြသည့် ဝန်ထမ်းများ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် ဂျာနယ်လစ်များကို ပထမအဆင့်တွင် ကာကွယ်ဆေး ထိုးပေးခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၃၂ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၂၂**

တောင်ကိုရီးယား နိုင်ငံတွင် ဖေဖော်ဝါရီ ၂၁ ရက်ညပိုင်းက ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၃၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၈၇၃၂၄ ဦးအထိ ရှိလာသည်။

နေ့စဉ် ကူးစက်မှုနှုန်းမှာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ၄၁၆ ဦး လျော့ကျလာခဲ့သည်။ နေ့စဉ် ကူးစက်မှုနှုန်း ၄၀၀ အောက် လျော့ကျလာသည်မှာ ၇ ရက် ဆက်တိုက်ရှိနေပြီ ဖြစ်သည်။ သို့သော်လည်း နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀ အထက်တွင် ရှိနေသည်မှာ နိုဝင်ဘာ ၈ ရက် ကတည်းက ဖြစ်သည်။ နောက်ထပ်ကူးစက်ခံရသူများထဲတွင် ၁၀၂ ဦးမှာ ဆိုးလ်မြို့ဒေသခံများ ဖြစ်ပြီး ၁၁၆ ဦးမှာ ဂယောင်းဂီပြည်နယ်မှ ဖြစ်သည်။ နိုင်ငံရပ်ခြားမှပြန်လာပြီးကူးစက်ခံရသူ ၁၉ ဦး ရှိပြီး ပြည်ပမှ ကူးစက်ခံရသူ အရေအတွက်မှာ ၆၉၁၃ ဦးရှိသည်။ ကိုဗစ် –၁၉ နှင့် ဆက်စပ်ပြီး နောက်ထပ်ကိုးဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၁၅၆၂ ဦး ရှိလာပြီး သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၇၉ ရာခိုင်နှုန်း ရှိသည်။ ပြန်လည်ကျန်းမာပြီးနောက် ဆေးရုံမှ ဆင်းသွားသူ ၃၇၁ ဦးတိုးလာသည့်အတွက် စုစုပေါင်းပြန်လည် ကျန်းမာလာသူအရေအတွက်မှာ ၇၇၈၈၇ ဦး ရှိသည်။ စုစုပေါင်း ပြန်လည်ကျန်းမာလာသည့်နှုန်းမှာ ၈၉ ဒသမ ၁၉ ရာခိုင်နှုန်းတွင် ရှိသည်။


တောင်ကိုရီးယားတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

တောင်ကိုရီးယားနိုင်ငံတွင် လူပေါင်း ၆ ဒသမ ၄၂ သန်းကို ကိုဗစ် –၁၉ ရှိ မရှိဆေးစစ်မှုများ လုပ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။ **ဆင်ဟွာ**

## ကိုဗစ် -၁၉ ဆေးအတွက် Avigan ဆေး စမ်းသပ်မှုကို ပြန်လည်စတင်ဖွယ်ရှိ

**တိုကျို ဖေဖော်ဝါရီ ၂၂**

ဂျပန်နိုင်ငံ ဖူဂျီဖလင်ကော်ပိုရေးရှင်းမှ ကိုဗစ် – ၁၉ လူနာများကို ကုသရာတွင် အသုံးပြုသည့် Avigan ဆေးကို စမ်းသပ်မှုများ ပြန်လည်စတင်ရန် စဉ်းစားလျက်ရှိသည်ဟု ဖေဖော်ဝါရီ ၂၁ ရက်တွင် ကုမ္ပဏီသတင်းအရင်းအမြစ်များက ပြောသည်။

ပြီးခဲ့သည့်နှစ် နှောင်းပိုင်းက အစိုးရအနေဖြင့် ယင်းဆေးဝါးအတွက် အတည်ပြုပေးရန် ရွှေ့ဆိုင်းခဲ့ပြီးနောက် ယခုလိုသတင်းထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ မည်သည့်နည်းလမ်းကို အသုံးပြုကာ မည်သည့်လူနာများကို ပစ်မှတ်ထား၍ စမ်းသပ်မှုပြုလုပ်မည်ကိုမူ မဆုံးဖြတ်ရသေးချေ။ စမ်းသပ်မှု၏အသေးစိတ်အချက်အလက်များကို မသိရှိရသေးဟု အဆိုပါ သတင်းအရင်းအမြစ်က ပြောသည်။

ဂျပန်အစိုးရသည် ကိုဗစ် –၁၉ ကုသရာတွင် အသုံးပြုသည့် ဆေးဝါးအဖြစ် အမေရိကန်ဆေးကုမ္ပဏီ Gilead Sciences မှ ထုတ်လုပ် သည့် Remdesivirဆေးကို အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။ Avigan ဆေးကိုသာ ကိုဗစ် –၁၉ ကုသဆေးအဖြစ် အစိုးရကမီးစိမ်းပြခဲ့ပါက ယင်းဆေးကိုအသုံးပြုမှု ပိုမိုကျယ်ပြန့်လာမည် ဖြစ်သည်။

ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများသည်လည်းလူနာ၏ ခွင့်ပြုချက်ရယူကာ အချို့သော ကိုဗစ် –၁၉ လူနာများကို Avigan ဆေး ပေးထားသည်ဟုသိရသည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းကလည်း ကျန်းမာရေးဝန်ကြီးဌာနက Aviganဆေး၏အသုံးဝင်မှုကို ဆုံးဖြတ်ရန် မလွယ်ကူသေးဟု ပြောကြားခဲ့ကြသည်။

သို့သော်လည်း ယင်းဆုံးဖြတ်ချက်သည် Avigan ဆေး၏အကျိုးသက်ရောက်မှုအားလုံးကို ဖယ်ရှားပစ်ခြင်းမဟုတ်ဟု ကျန်းမာရေးဝန်ကြီးဌာနက အရာရှိတစ်ဦးက ပြောသည်။ **ကျိုဒို**

# အိုမန်နိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၈၆၈ ဦး ထပ်မံတွေ့ရှိ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂**

အိုမန်နိုင်ငံတွင် ဖေဖော်ဝါရီ ၂၁ရက် ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၈၆၈ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု အိုမန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ကြောင့် အိုမန်နိုင်ငံတွင် စုစုပေါင်းကူးစက်ခံရသူအရေအတွက် ၁၃၉၃၆၂ ဦးရှိသည်ဟု အိုမန်သတင်းဌာနတွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် ၇၂ နာရီအတွင်း ၅၆၉ ဦး ပြန်လည်ကျန်းမာလာရာ စုစုပေါင်း ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၃၀၆၅၃ ဦးရှိပြီး သေဆုံးသူအရေအတွက်မှာ ၁၅၅၂ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း အိုမန်နိုင်ငံတွင် ကိုဗစ် –၁၉ ပျံ့နှံ့မှုတားဆီးရေးအတွက် နောက်ထပ်ထုတ်ပြန်ချက် မထုတ်ပြန်ချင်း နယ်စပ်များကို ဆက်လက်ပိတ်ထားမည်ဟုကြေညာခဲ့သည်။

ကိုဗစ် –၁၉ တိုက်ဖျက်ရေးအတွက် အထူးကော်မတီက ထုတ်ပြန်ထားသော ကိုဗစ် – ၁၉ စည်းမျဉ်းစည်းကမ်းများကို ပြည်သူများအနေဖြင့် လိုက်နာကြရန်လည်း ဝန်ကြီးဌာနက တိုက်တွန်းထားသည်။ **ဆင်ဟွာ**


အိုမန်နိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေကြသည့် ကျန်းမာရေးလုပ်သားများကို တွေ့ရစဉ်။

# တပ်မတော်၏ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်လျက်ရှိသူများအား တည်ငြိမ်အေးချမ်းမှုကိုမလိုလားသူအုပ်စုက သံပုံးတီးနှောင့်ယှက်ပြီး ခဲများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**



မြန်မာ့တပ်မတော်၏ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့တပ်မတော်ကို ထောက်ခံသော လူအင်အားစုသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အနောက်ဘက် (၆) ဖာလုံခန့် အကွာ ရွှေကြာအင်း (၁)ရပ်ကွက် ရန်ပယ်အားကစားကွင်းမှ စတင်၍ တောင်တွင်းကြီးမြို့အတွင်းသို့ စီတန်းလှည့်လည်ခဲ့ကြသည်။

ထိုသို့ လှည့်လည်လာစဉ် ဦးဆောင်သူ (စိစစ်ဆဲ) လူအင်အား ၅၀ ခန့်က လမ်းပိတ်ဆို့၍ သံပုံးတီးခြင်းများ ဆောင်ရွက်ခဲ့ပြီး ခဲများဖြင့် စတင်ပစ်ပေါက် တိုက်ခိုက်ခဲ့သဖြင့် နှစ်ဖက်သော လူအင်အားစုများသည် ရန်းရင်းဆန်ခတ်ဖြစ်ကာ အုတ်ခဲကျိုးများဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြသောကြောင့် စီတန်းလှည့်လည်သူအချို့ ထိခိုက်ပေါက်ပြဲဒဏ်ရာများ အသီးသီး ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခင်းဖြစ်ပွားသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ သွားရောက်ညှိနှိုင်းထိန်းသိမ်းခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် နှစ်ဖက်လူစုကွဲခဲ့ပြီး နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ ရေလုပ်သားတစ်ဦး မိကျောင်းကိုက်ဆွဲ၍ ပျောက်ဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ရွာသစ်ကျေးရွာအနီး ချောင်းဖျား၌ ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၄ နာရီခွဲက ကျွန်းစုမြို့နယ် ချောင်းကြီးဝကျေးရွာမှ ဦးမောင်ငွေရှိန်(ခ)ထွန်းထွန်းနိုင်ပါ ခုနစ်ဦးတို့သည် ကဏန်းကောက်နေစဉ် အလျား ပေ ၂၀ ခန့်ရှိ မိကျောင်းတစ်ကောင်က ဦးမောင်ငွေရှိန်(ခ)ထွန်းထွန်းနိုင်အား ကိုက်ဆွဲသွားသဖြင့် ရွာသစ်ကျေးရွာရှိ ကျေးရွာသားများက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များကို အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၅ နာရီထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ် (၃) တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ခုနစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ရှစ်စီး၊ ပလွေတိုးဂိတ်၌ မော်တော်ယာဉ် ကိုးစီး၊ ပန်းတင်တိုးဂိတ်၌ မော်တော်ယာဉ် တစ်စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် သုံးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး၊ စုစုပေါင်း ၃၂ စီးတို့ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# သီပေါမြို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**





ရှမ်းပြည်နယ် သီပေါမြို့နယ်၌ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက သီပေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ယာဉ်စစ်ဆေးမှုဆောင်ရွက်နေစဉ် မန္တလေး - လားရှိုး ကားလမ်းအတိုင်း မန္တလေးဘက်မှ လားရှိုးမြို့ဘက်သို့ မြဝတီမြို့နယ် သက်နှင်းညီနောင် ကျေးရွာရှိ နေစိုး မောင်းနှင်လာသည့် 6K/--- အဲဝေ့မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ လိုင်စင်မဲ့ မော်တော်ယာဉ် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နေစိုးအား သီပေါမြို့မရဲစခန်းက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖျာပုံမြို့ မြို့မဈေးရုံ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၂)ရပ်ကွက် မြို့မဈေး (နှစ်ထပ်ဈေးရုံအပေါ်ထပ်)ရှိ ဆိုင်ခန်းအမှတ်(၂၆) စာရေးကိရိယာဆိုင်မှ ဝိုင်ယာရှော့ခ်ဖြစ်၍ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်များအား ထိခိုက်မှုမရှိဘဲ ဈေးဆိုင်ခန်းပေါင်း ၈၆၁ ခန်းရှိသည့်အနက်မှ ၂၁၃ ခန်းခန့် မီးလောင်ပျက်စီးခဲ့ပြီး ကာလတန်ဖိုးငွေကျပ် ၄၁၅ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယင်းသို့ မီးလောင်မှုကြောင့် ပျက်စီးသွားသော ဈေးဆိုင်ခန်းနေရာများကို ဖေဖော်ဝါရီ ၂၁ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ မီးလောင်သည့်နေရာကို သန့်ရှင်းရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❖ကျောဖုံးမှ**

အင်တာမီလန်အသင်းကလည်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရန်အတွက် ဟန်ဒါနိုဗစ်၊ ဘက်စ်တိုနီ၊ စက်ကရီနီယာ၊ ပါရီဆစ်၊ အဲရစ်ဆင်၊ ဘရိုဇိုဗစ်၊ ဘာရယ်လာ၊ ဟာကီမီ၊ မာတီနက်ဇ်၊ လူကာကူစသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

ပထမပိုင်း ပွဲအစငါးမိနစ်တွင် အင်တာမီလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး လူကာကူ၏ ဖန်တီးပေးမှုမှတစ်ဆင့် မာတီနက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ အေစီမီလန်အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် အင်တာမီလန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းအပြီးတွင် အင်တာမီလန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

အင်တာမီလန် အသင်းအတွက် ဒုတိယဂိုးကို ပွဲကစားချိန် ၅၇ မိနစ်တွင် ပါရီဆစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် မာတီနက်ဇ်ကပင် သွင်းယူပေးနိုင်ခဲ့သည်။ အင်တာမီလန်အသင်းအတွက် ဒုတိယဂိုးရရှိပြီးနောက်မကြာမီမှာပင် တတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ပါရီဆစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် လူကာကူက သွင်းယူပေးနိုင်ခဲ့သည်။(ယာပုံ)

ယနေ့ပွဲစဉ်တွင် အေစီမီလန်အသင်းသည် အင်တာမီလန်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်တည့်မတ်မှု အသာစီးရယူနိုင်ခဲ့သော်လည်း လိုအပ်နေသည့်ဂိုးများကို ရယူနိုင်ခဲ့ခြင်းမရှိသောကြောင့် ပွဲအပြီး တွင် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော အင်တာမီလန်အသင်းမှ တိုက်စစ်ကစားသမား လူကာကူသည် စီးရီးအေပြိုင်ပွဲ မီလန်ဒါဘီတွင် ၁၉၅၀ ပြည့်နှစ် ဘင်နီတို လော်ရန်ဇီပြီးနောက် လေးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် အင်တာမီလန်အသင်းသည် ယခုအနိုင်ပွဲကြောင့် စီးရီးအေ ၂၃ ပွဲကစားပြီး ရမှတ် ၅၃ မှတ်ဖြင့် ဒုတိယနေရာမှ အေစီမီလန်အသင်းကို လေးမှတ်အထိ ဖြတ်ထားနိုင်ပြီဖြစ်သည်။

အေစီမီလန် အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဇဗက်ဒါအသင်းနှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်တာမီလန် အသင်းက ဖေဖော်ဝါရီ ၂၈ ရက်တွင် စီးရီးအေ ပြိုင်ပွဲအဖြစ် ဂျီနိုအာအသင်း နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**



## ၂၂-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၇၆၇၅၉၃ | ၁၈၉၇၃၄၀၁ | ၅၁၁၃၀၂ |
| ၂။ | အိန္ဒိယ | ၁၁၀၀၈၀၇၄ | ၁၀၇၀၃၀၂၅ | ၁၅၆၄၄၂ |
| ၃။ | ဘရာဇီး | ၁၀၁၆၈၀၇၄ | ၉၀၉၅၄၈၃ | ၂၄၆၅၆၀ |
| ၄။ | ရုရှား | ၄၁၇၇၃၃၀ | ၃၇၂၆၃၈၈ | ၈၃၆၃၀ |
| ၅။ | ဗြိတိန် | ၄၁၁၅၅၀၉ | ၂၄၉၄၂၁၈ | ၁၂၀၅၈၀ |
| ၆။ | ပြင်သစ် | ၃၆၀၅၁၈၁ | ၂၄၇၁၂၇ | ၈၄၃၀၆ |
| ၇။ | စပိန် | ၃၁၃၃၁၂၂ | ၂၄၉၇၉၅၆ | ၆၇၁၀၁ |
| ၈။ | အီတလီ | ၂၈၀၉၂၄၆ | ၂၃၂၄၆၃၃ | ၉၅၇၁၈ |
| ၉။ | တူရကီ | ၂၆၃၈၄၂၂ | ၂၅၂၃၇၆၀ | ၂၈၀၆၀ |
| ၁၀။ | ဂျာမနီ | ၂၃၉၅၈၅၁ | ၂၁၉၈၀၀၀ | ၆၈၄၅၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ - ၂ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၈၈၈၃၃ | ၁၀၉၆၉၄၄ | ၃၄၆၉၁ |
| ဖိလစ်ပိုင် | ၅၆၃၄၅၆ | ၅၂၂၈၇၄ | ၁၂၀၉၄ |
| မလေးရှား | ၂၈၅၇၆၁ | ၂၅၂၆၂၃ | ၁၀၆၂ |
| မြန်မာ | ၁၄၁၇၆၁ | ၁၃၁၃၁၈ | ၃၁၉၇ |
| စင်ကာပူ | ၅၉၈၇၉ | ၅၉၇၃၁ | ၂၉ |
| ထိုင်း | ၂၅၅၀၄ | ၂၄၃၆၁ | ၈၃ |
| ဗီယက်နမ် | ၂၃၉၂ | ၁၇၁၇ | ၃၅ |
| ကမ္ဘောဒီးယား | ၅၆၈ | ၄၇၅ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

( ၂၂-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၁-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၃,၉၃၅) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၆၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၃၁၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၇) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကိုဗစ် - ၁၉ ရောဂါကုသရေးတွင် အထောက်အကူပြုနိုင်စေရန်အတွက် တပ်မတော်က အောက်ဆီဂျင်အိုးများ လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဆေးရုံများ၌ အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်အနေဖြင့် အောက်ဆီဂျင်အိုးများကို ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါကုသရေးဌာနများသို့ သွားရောက်လှူဒါန်းလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး (ခုတင်–၅၀၀) သို့ အောက်ဆီဂျင်အိုး ၁၅ လုံးကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ တပ်မတော်သားများက တပ်မတော် Oxygen Plant များမှ အောက်ဆီဂျင်များ ဖြည့်သွင်းပြီး သွားရောက်ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှ ဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ယာပုံ)**

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၃၅၄၆ ဦးအတွင်း လူနာ ၃၁၃၉ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၉၈၃ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၁၅ ဦး၊ စုစုပေါင်း ၁၄၉၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၅၉၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၉၀၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၁၄၉၆ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။



ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ဟိုပန်မြို့ အခြေခံပညာအလယ်တန်းကျောင်း (ကောင်းကော်)၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ မာန်အောင်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းများ၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း (ဘုရင့်နောင်)တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စာသင်ဆောင်များ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် တောင်သူများရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ရာသီသီးနှံများကို တပ်မတော်က ဆက်လက်ဝယ်ယူ

**နေပြည်တော် ဇန်နဝါရီ ၂၂**
ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကူးသန်းသွားလာမှုများရပ်ဆိုင်းကာ သီးနှံများ ဝယ်ယူသူနည်းပါးပြီး ဒေသခံတောင်သူများအနေဖြင့် ရောင်းချရန်အခက်အခဲဖြစ်ပေါ်၍ သီးနှံများ ပျက်စီးဆုံးရှုံးနိုင်သည့်အခြေအနေများ ဖြစ်ပေါ်နေသောကြောင့် နယ်မြေခံတပ်မတော်သားများက စိုက်ခင်းများသို့ သွားရောက်၍ ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ရာသီသီးနှံများကို ဝယ်ယူပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ ဝယ်ယူပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တီကျစ်မြို့နယ် ကုန်းလော့ကျေးရွာရှိ ဒေသခံတောင်သူများထံမှ ဂေါ်ဖီထုပ် ၅၉၄၂ ထုပ်ကို ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့်ဈေးနှုန်းဖြင့် ထပ်မံဝယ်ယူပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**
ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့၊ မင်းတပ်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ (ယာပုံ)၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၊ ချင်းပြည်နယ် မတူပီမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် ဘာသာရေးကျောင်း စုစုပေါင်း ၂၄ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့၊ ရခိုင်ပြည်နယ် အမ်းမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၂၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းမျာကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် မဟာသန္တိကရ ရန်အောင်မြေကျောင်းတိုက်နှင့် ချင်းပြည်နယ် မတူပီမြို့ ဖနိုင်တပ်ဦးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကြို့ပင်ကောက်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိ

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားပြည်သူများအား ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းမှစတင်၍ အငြိမ်းစားဝန်ထမ်းပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**အလှည့်ကျဖြင့် ထုတ်ပေးနေ**

ပင်စင်လစာငွေများထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဘဏ်အတွင်းသို့ဝင်ရောက်ရာတွင် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်းနှင့် ပင်စင်လစာငွေများ ထုတ်ပေးရာ၌ စနစ်တကျဖြစ်စေရေးအတွက် အလှည့်ကျဖြင့် ထုတ်ပေးနေလျက်ရှိကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာထံမှ သိရသည်။

ယင်းသို့ထုတ်ပေးရာတွင် ပင်စင်စား ၉၉ ဦးအား ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိတစ်ကြိမ် ပင်စင်လစာငွေများ ထုတ်ပေးခဲ့ပြီး နံနက် ၁၀ နာရီမှ ပြန်လည်စတင်ပြီး ရုံးချိန်အတိုင်း ပင်စင်လစာငွေလာရောက်ထုတ်ယူကြသော ပင်စင်စားပြည်သူများအား ဆက်လက်ထုတ်ပေးသည်။

**စီစဉ်ဆောင်ရွက်ထား**

ကြို့ပင်ကောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းလစာငွေ ထုတ်ယူသည့် ပင်စင်စားပြည်သူ ၂၃၀၀ ရှိကြောင်း ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်နေ့ရက်များတွင်လည်း ပင်စင်လစာငွေများ ပုံမှန်ထုတ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဖေယျာထွန်း(ကြို့ပင်ကောက်)**



# နိုင်ငံ့ဝန်ထမ်းများ CDM လုပ်ဆောင်ရန် ဖိအားပေးမှုကို နိုင်ငံတော်အပေါ်သစ္စာရှိသော နိုင်ငံ့ဝန်ထမ်းများ ကျေနပ်မှုမရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံ့ဝန်ထမ်းများအား CDM လုပ်ဆောင်ရန် ခြိမ်းခြောက်အကျပ်ကိုင်သည့် ဗီဒီယိုဖိုင်များကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြည်သူများသိရှိနိုင်စေရန် ထုတ်လွှင့်ပြသပြီး ဖြစ်သည်။ ယနေ့တွင်လည်း ၎င်းအမျိုးသမီး၏ ခြိမ်းခြောက်အကျပ်ကိုင်မှုများ ပြုလုပ်လျက်ရှိသည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်စာမျက်နှာပေါ်၌ ထပ်မံပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးမှာ ဗိုလ်မြတ်ထွန်းလမ်း အထက(၂) ဗိုလ်တထောင်အနီး နေထိုင်သူဖြစ်ပြီး Future Bright Star Education Center ကို တည်ထောင်ထားသူ ဒေါ်သက်သက်ခိုင် ဖြစ်ကြောင်း သိရှိရသည်။

၎င်းနှင့်ပတ်သက်၍ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကလည်း တရားဝင်တိုင်ကြားမှုများ ပြုလုပ်ထားကြောင်းနှင့် သက်ဆိုင်ရာမှ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းဖြစ်စဉ်ကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်ပတ်သက်၍ စော်ကားပြုမူမှုများ၊ Social punishment ပြုလုပ်မှုများ၊ အခြားဖိအားပေးအကျပ်ကိုင်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုံးဌာနများ၊ ဆေးရုံများ၌ လုပ်ငန်းဆောင်ရွက်နေမှုတွင် နှောင့်ယှက်ဟန့်တား၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ပါက သတင်းပို့နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဟံဇားတိုက်နယ်ဆေးရုံတွင် ဖေဖော်ဝါရီ ၃ ရက်မှစ၍ ဆရာဝန်တစ်ဦးနှင့် သူနာပြုရှစ်ဦးတို့သည် ဆေးမကုသဘဲ CDM လုပ်ဆောင်လာခဲ့ရာ ဟံဇားတိုက်နယ်ဒေသခံတို့က တပ်မတော်ထံ အကူအညီတောင်းခံလာသဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်၍ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ဖေဖော်ဝါရီ ၂၁ ရက်တွင် မသမာသူတစ်စု၏ သွေးထိုးလှုံ့ဆော်မှုကြောင့် “ဆေးရုံဖွင့်လှစ်မှုနှင့် ဆေးကုသမှုအလိုမရှိ”ဟု ကြွေးကြော်မှုဖြင့် ဆူပူလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ရာ လက်တွေ့ကုသမှုလိုအပ်၍ ကုသမှုခံယူနေသော လူနာနှင့် လူနာရှင်တို့၏ ကိုယ်တွေ့ကြုံတွေ့နေမှုများကို တွေ့မြင်ခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အခွင့်အရေးဆုံးရှုံးနစ်နာခံရသူတို့၏ တောင်းဆိုမှုအရ ဖြစ်စဉ်အားဖော်ထုတ်၍ ဦးဆောင်သူများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရုံးဌာနများ၊ ဆေးရုံများအနေဖြင့်လည်း ယခုကဲ့သို့ နှောင့်ယှက်ဟန့်တားခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများရှိပါက ထုတ်ပြန်ထားသော ဖုန်းနံပါတ်များ၊ E Mail လိပ်စာများသို့ ဆက်သွယ်၍ အသံဖိုင်၊ ဗီဒီယိုဖိုင်များဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သတင်းပို့နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့ကရိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများကို ပင်စင်လစာငွေများ စနစ်တကျ ထုတ်ပေးလျက်ရှိ

**ကော့ကရိတ် ဖေဖော်ဝါရီ ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက် ၉ နာရီမှစတင်၍ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထုတ်ပေးရာတွင် ကော့ကရိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်းကို အများပြည်သူ ရုံးပိတ်ရက်များမှအပ ရုံးဖွင့်ရက်များတွင် ထုတ်ပေးလျက်ရှိကြောင်းနှင့် ယနေ့တွင် အငြိမ်းစားဝန်ထမ်း ၂၃၁ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်နှင့်အညီ ထုတ်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက် ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း သုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိ လည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြု ကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံနှင့် ယင်းမာပင်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံနှင့် ယင်းမာပင်တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်များနှင့် သူနာပြုများက ၎င်းတို့၏ လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများ အနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံတွင်အလုပ်ဆင်းပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများကို လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံလာခဲ့သည်။

အဆိုပါ အကူအညီတောင်းခံလာမှုကြောင့် သက်ဆိုင်ရာ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက ထောက်ခံအားပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာ ယနေ့တွင် တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူ အမျိုးသား ၄၀ နှင့် အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၁၁၉ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့တပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူနေသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအတွက် အလှူရှင်များက အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အဆိုပါဆေးရုံတွင် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သစ်လွင်ထူးနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အမ်း-စစ်တွေ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေး ဆောင်ရွက်နေစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်နှင့် အငူမော်၊ ခမောင်းဆိပ်ကျေးရွာသွားလမ်းများကို တပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရှိရသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထိတ်လန့်စိုးရွံ့စွာနေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားပြည်သူများအား ယနေ့နံနက်ပိုင်းက စတင်၍ အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးနေကြောင်း သိရသည်။

ထိုသို့ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဘဏ်အတွင်းသို့ ဝင်ရောက်ရာတွင် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်းနှင့် ပင်စင်လစာငွေများ ထုတ်ပေးရာ၌ စနစ်တကျ ဖြစ်စေရေးအတွက် အလှည့်ကျဖြင့် ထုတ်ပေးနေလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးဝင်းကျော်ထွေးထံမှ သိရသည်။

မိုင်းယောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်း လစာငွေထုတ်ယူသည့် ပင်စင်စား ပြည်သူ ၁၅၀ ကျော်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်နေ့ တစ်ရက်တည်းသာ ပင်စင်လစာငွေများ စုပြုံထုတ်ပေးခြင်း မဟုတ်ဘဲ ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့် နေ့ရက်များတွင်လည်း ပင်စင်လစာငွေများ ပုံမှန်ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာထံက သိရသည်။

မြို့နယ်(ပြန်/ဆက်)







# ပဲခူးမြို့နယ်ရှိ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေး

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် နိုင်ငံ့ဝန်ထမ်း (ပင်စင်စား) ၁၂၀၄၁ ဦး နေထိုင်လျက်ရှိရာ အဆိုပါ နိုင်ငံ့ဝန်ထမ်း (ပင်စင်စား)များ၏ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများကို ယနေ့မှစတင်၍ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်ဝန်ထမ်းများက ကျန်းမာရေး ညွှန်ကြားချက်နှင့် အညီ အလှည့်ကျသတ်မှတ်နေ့အလိုက် စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ပဲခူးမြို့နယ်အတွင်း၌ မြို့ပြပင်စင် ၅၈၄၀၊ ကာကွယ်ရေးပင်စင် ၅၇၅၉ ဦး၊ နိုင်ငံရေး ပင်စင် ၃၄၈ ဦး၊ မြန်မာ့စီးပွားရေးဘဏ်ပင်စင် ၉၁ ဦး၊ ဗဟိုဘဏ်ပင်စင်ရှိရာ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက် ၆ နာရီခွဲအချိန်မှ စတင်၍ ညနေ ၃ နာရီအထိ မြို့တွင်းကြီးရပ်ကွက်၊ နန်းတော်ရာရပ်ကွက်၊ ရုံးကြီးရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ လိပ်ပြာကန်ရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက် စသည့် ရပ်ကွက်များတွင် နေထိုင်သည့် မြို့ပြပင်စင်စား ၁၀၅၄ ဦး၊ ကာကွယ်ရေး ပင်စင်စား ၈၁၁ ဦး၊ နိုင်ငံရေးပင်စင်စား ၂၈ ဦးတို့အား စတင်ထုတ်ပေးခဲ့ပြီး ဆက်လက်၍လည်း ဖေဖော်ဝါရီလ ၂၃ ရက် နံနက် ၇နာရီခွဲမှ ညနေ ၃ နာရီအထိ ဈေးပိုင်း၊ ညောင်ဝိုင်း (တောင်/မြောက်)၊ သွန်းဘုရား၊ ကျောက်ကြီးစု၊ ဖိုင်းဂနိုင်း (တောင်/မြောက်)ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ မဇင်း၊ ကလျာဏီ၊ ကျွန်းသာယာ၊ ဟံသာကုန်း၊ ဗိုလ်ကုန်း၊ ဟံသာဝတီ၊ ရွာသစ်၊ မြို့သစ်စသည့် ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၅ ရက် နံနက် ၈ နာရီမှ ညနေ ၃နာရီအချိန်အထိ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး (၁/၂/၃/၄/၅/၆/၇/၈/၉) ရပ်ကွက်များရှိ ပင်စင်စားများအား လည်းကောင်း၊ ဖေဖော်ဝါရီလ ၂၆ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဘုရားကြီးမြို့ အမှတ်(၁/၂/၃) ရပ်ကွက်များ၊ အင်းတကော်မြို့ အမှတ် (၁/၂/၃/၄/၅/၆)ရပ်ကွက်များနှင့် ကျေးရွာ အုပ်စု ၆၂ အုပ်စုအတွင်း နေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းပင်စင်စားများအားလည်းကောင်း ပင်စင်လစာများ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မြေပုံမြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြေပုံ ဖေဖော်ဝါရီ ၂၂**

မြောက်ဦးခရိုင် မြေပုံမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်ကာ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီတွင် တရုတ်တန်းရပ်ကွက်ရှိ အခြေခံပညာ အထက် တန်းကျောင်း၌ အမှိုက်ကောက်ခြင်း၊ ချုံနွယ်များနှင့် ပေါင်းမြက်များရှင်းလင်းခြင်း တို့ပြုလုပ်သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနမှဝန်ထမ်းများ၊ နယ်မြေခံတပ်မှ ဗိုလ်မှူး မြင့်ခိုင်နှင့် တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဌေးနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းရှိ ဆရာ၊ ဆရာမများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုနည်းတူစွာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း (သဲတန်း)၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် အလက(ခွဲ) (ကံသာထွက်ဝ)၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် မူ/လွန် (တောင်ပိုင်း)နှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် အမက(သဲတန်းအရှေ့) တို့၌ ဆက်လက်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်း (ပြန်/ဆက်)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုမြန်မာ့သနပ်ခါး

ဝိသဇ္ဇက(ပဲခူး)

**မြန်မာနိုင်ငံတွင် သနပ်ခါးသုံးစွဲလာကြသည်မှာ နှစ်များရှည်ကြာခဲ့ပြီ ဖြစ်၏။ သမိုင်းအစကို အတိအကျမသိရသော်လည်း သုတေသီအချို့က လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကပင် စတင်ခဲ့သည်ဟု ယူဆကြ၏။ သနပ်ခါးနှင့် ပတ်သက်သော အကြောင်းကို ဗုဒ္ဓဝိနည်း ပညတ်ချက်နှင့် ဓမ္မပဒပါဠိတော်၌လည်း တွေ့ရလေသည်။ ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားကြီးက ကဏှာနှင့်ဇာလီအား နှိပ်စက်သဖြင့် ဒဏ်ရာများရခဲ့ရာ နတ်များက ထိုဒဏ်ရာကို သနပ်ခါးလိမ်းပေးခဲ့ခြင်းကို ဖော်ပြထား၏။**

### သနပ်ခါးအသုံးဝင်ပုံများ

သက္ကရာဇ် ၈၄၆ ခုနှစ် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ပျို့အရ အင်းဝခေတ် မြန်မာအမျိုးသမီးများ၏ သနပ်ခါးအသုံးကို ခန့်မှန်းနိုင်သည်။ သက္ကရာဇ် ၁၁၄၃ ခုနှစ်က ရာမရကန် ဦးတိုး၏ နန်းတွင်းသူတို့ အလှအပ အပြင်အဆင်ကို ဖော်ကျူးခဲ့သဖြင့်လည်း ဘိုးတော်ဘုရား လက်ထက်မှာပင် သနပ်ခါးသုံးစွဲမှုတို့ ရှိနေကြောင်း သိရပြန်သည်။

မြန်မာ့ရိုးရာသနပ်ခါးသည် မြန်မာနံ့သာ ၁၀ မျိုးတွင် အခေါက်နံ့သာ တစ်မျိုးတွင် ပါဝင်သည်။ သနပ်ခါးတွင် "သန"ဆိုသည်မှာ မြန်မာ့အဘိဓာန်တွင် "မသန့်မရှင်းဖြစ်သည်။ ယုတ်ညံ့သွားသည်" ဟုဆိုပါသည်။ "ခါ" ကမူ "စွန့်ထုတ်ခြင်း"ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် "သနခါ" ဟူသည် မကောင်းသော အညစ်အကြေးများကို စွန့်ထုတ်ပေးသောအရာပင် ဖြစ်ပါသည်။ သနခါမှ ကာလ ရွေ့လျားလာလျက် သနပ်ခါးဟု ပြောင်းလဲလာခြင်း ဖြစ်သည်ဟု ဖွင့်ဆိုထားသည်။

မြန်မာသမားတော်ကြီးများကမူ လူ၏ခန္ဓာကိုယ်မှ သွေးပုပ်အညစ်အကြေးများကို ကင်းစင်အောင် ဖယ်ရှားပေးနိုင်သောကြောင့် သန–ရွံ့ရှာဖွယ်သောအမှုကိုဖယ်၏ ဟူ၍ပေးသဖြင့် သနခါမှ သနပ်ခါးခေါ်ကြောင်း ရှင်းထားသည်။ အမှန်တကယ်လည်း သနပ်ခါး၏ အရသာမှာ ခါးသဖြင့် ထိုကဲ့သို့ ဆိုခြင်းမှာ လျော်ကန်သင့်မြတ်လှသည်။

သနပ်ခါးနှင့် ပတ်သက်၍ သနပ်ခါး၏ မူလပုဒ်ရင်းကို သက္ကတကျမ်း၊ ပါဠိကျမ်းတို့၌ မတွေ့ရ။ အာယုဗ္ဗေဒကျမ်း၊ သိဂ်ရေသဟိတကျမ်း၊ ပါဠိမြန်မာအဘိဓာန်၊ အဘိဓာန် နိဿယျသည် သီယာ ဝတိစသော နိဿယကျမ်းများတွင် သနပ်ခါး၏အဓိပ္ပာယ်ကို အမျိုးမျိုးပြဆိုထားသည်။

လယ်တီဦးကောဝိဒ(ပုပ္ပားဦးကျော်ရင်) ကမူ ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလထုတ် ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ခုခန်း၌ "သမ္ဗာနမာယ ခလီယတိ လိမ္ပိယ တိတိ သနပ်ခါး" ယာဂန္ဓဇာတိအကြင်သို့သော အရည်ပျစ်ပျစ် နံ့သာနှစ်ကို သမ္ဗာ–ကောင်းစွာ၊ နဟာသ–ရေချိုးပြီးမှ၊ ခလီယတိ လိမ္ပိယတိ–လိမ်း ကျံအပ်၏။ ဣတိ– ထို့ကြောင့်၊ ယာဂန္ဓ ဇာတိ–အကြင်သို့ အရည်ပျစ်ပျစ်နံ့သာနှစ်သည် သနပ်ခါးမည်၏ဟူ၍ ဝိဂ္ဂြိုဟ်ပြုထားသည်။

သနပ်ခါးနှင့် ပတ်သက်၍ မြန်မာအဘိဓာန်၌ "သနပ်ခါး ဆိုသည်မှာ မာကျောသော အသား၊ ထူးပါးသော အကိုင်းအလက်၊ စိမ်းဖျော့ဖျော့ ရွက်မြွှာတို့ရှိပြီး မွှေးသောအခေါက်ကိုသွေးကာ မျက်နှာ ကိုယ်လက် စသည်တို့တွင် လိမ်းကျံရသည့် အပင်တစ်မျိုး ဖြစ်သည်။ ယင်းအပင်၏ အသား၊ အခေါက်တို့ကိုသွေးရာ ရနံ့မွှေးသည်"ဟု ဖွင့်ဆိုထားသည်။

သနပ်ခါးကို ရုက္ခဗေဒ အမည်အားဖြင့် Limonia Acidissima Linn ဟုခေါ်၍ RUTACEAC မျိုးရင်း ဖြစ်သည်။ ပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၂၀ မှ ၃၀ ထိ ရှိတတ်သည်။ ပင်စည်နှင့် အကိုင်းများ၌ ချွန်ထက်သောဆူးများပါရှိကာ အပင်နုစဉ် အပွေးပါးလာ၍ အပင်ရင့်လာမှသာ အပွေးထူသည်။ တန်ခူးလ၊ ကဆုန်လများ ၌ အပွင့်ပွင့်၍ ဝါခေါင်လ၊ တော်သလင်းလများ၌



"သနပ်ခါးကို ရှေးပဝေသဏီကပင် စတင်သုံးစွဲခဲ့ကြသကဲ့သို့ နောင်တွင်လည်း မည်သည့်ခေတ်အခါမျှ သနပ်ခါးသုံးစွဲသည့် အစဉ်အလာပျောက်ကွယ်သွားမည်မဟုတ်ပေ။ မြန်မာအမျိုးသမီးတိုင်း ခြေဆုံးခေါင်းဆုံးလိမ်းကာ အမျိုးမျိုး ခြယ်သစွဲမက်နေကြမည်သာဖြစ်သည်။ မြန်မာအမျိုးသမီးတိုင်းသည် သနပ်ခါးကို မြတ်နိုးနှစ်သက်ကြသည်"

အသီး သီးလေ့ရှိသည်။ အဖိုပင်နှင့် အမပင်ဟူ၍ နှစ်မျိုးရှိ၏။

သနပ်ခါးကို ရှေးပဝေသဏီကပင် စတင်သုံးစွဲခဲ့ကြသကဲ့သို့ နောင်တွင်လည်း မည်သည့်ခေတ်အခါမျှ သနပ်ခါးသုံးစွဲသည့် အစဉ်အလာ ပျောက်ကွယ်သွားမည် မဟုတ်ပေ။ မြန်မာ အမျိုးသမီးတိုင်း ခြေဆုံးခေါင်းဆုံး လိမ်းကာ အမျိုးမျိုး ခြယ်သစွဲမက်နေကြမည်သာဖြစ် သည်။ မြန်မာအမျိုးသမီးတိုင်းသည် သနပ်ခါးကို မြတ်နိုးနှစ်သက်ကြသည်။ ပါးပြင်မွှေးမွှေး၌ သနပ်ခါး ပါးပါးလေး လိမ်းထားရုံဖြင့် မိန်းမပျိုလေး တစ်ဦး၏ အလှသည် မြန်မာမှုဆန်ကာ အလွန်ယဉ်ကျေးလှပဖွယ် ဖြစ်၏။

မြန်မာတို့ သနပ်ခါးလိမ်းသည့် ရိုးရာယဉ်ကျေးမှု ဓလေ့သည် အေဒီ ၅ ရာစုမှ အေဒီ ၉ ရာစုအတွင်း စတင်ထွန်းကားခဲ့သည်ဟု ဆိုသူရှိသည်။ ပျူခေတ်ကတည်းက သနပ်ခါးကို နှစ်သက်စွဲလမ်းစွာ အသုံးပြုလာကြသည်ဟု ယူဆကြသည်။ မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုနှင့် ပတ်သက်၍ အေဒီ ၁၁ ရာစု ပုဂံနဂါးရုံဘုရားနှင့် အပ္ပာယ်ရတနာဘုရား နံရံဆေးရေး ပန်းချီကားများတွင် သနပ်ခါးနှင့် ယှဉ်တွဲအသုံးပြုလေ့ရှိသော ကျောက်ပျဉ်နှင့် အလှဆင်နေသည့် မိန်းမပျိုပုံများကို တွေ့ရသောကြောင့် ပုဂံခေတ်တွင်လည်း မြန်မာမိန်းမပျိုတို့ သည် သနပ်ခါးဖြင့် အလှဆင်လိမ်းခြယ် ကြကြောင်း သိနိုင်ပါသည်။

### စိုက်ပျိုးဖြစ်ထွန်းရာ နေရာများ

သနပ်ခါးပင်သည် အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်း တစ်ဝိုက်၊ ပန်ဂျပ်ပြည်နယ်၊ ဗီဟာပြည်နယ်၊ အာသံပြည်နယ်၊ အာရှအရှေ့တောင်ပိုင်း၊ ဇင်းမယ်၊ ထိုင်း၊ မြန်မာနိုင်ငံ စသည်တို့မှ မြစ်များခံကာ စတင်ပေါက်ရောက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုထားသည်။ တစ်ခါက မိတ်ဆွေတစ်ယောက် ပြောဖူးသည်မှာ ထိုင်းနိုင်ငံသားတို့က သနပ်ခါးသည် သူတို့တိုင်းပြည်၏ အမွေအနှစ်ဖြစ်ကြောင်း ဆိုခဲ့ဖူးသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် သနပ်ခါးကို ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ အရာတော်၊ ဟုမ္မလင်း၊ မော်လိုက်၊ ကသာ၊ ဝန်းသို၊ မြစ်ကြီးနား၊ မြင်းခြံ၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ယင်းမာပင်၊ ပြင်ဦးလွင်၊ သရက်၊ အထက်မင်းလှ၊ မကွေး၊ တောင်တွင်းကြီး၊ မင်းဘူး၊ ကျောက် ဆည်၊ ရမည်းသင်း၊ ကျောက်မဲ၊ လားရှိုး၊ သီပေါ၊ နောင်ချို၊ မောက်မယ်၊ ကော့ကရိတ် စသော ဒေသ များ၌ တွေ့ရှိရသည်။ သနပ်ခါးသည် မြေနီစပ်၊ သဲစပ်၊ ကျောက်စရစ်မြေ၊ နုန်းမြေ၊ သဲနုန်းမြေ၊ ဂဝံမြေ၊ မြေရိုးရိုး၊ ကျောက်အေးမြေတို့၌ ကောင်းစွာ ဖြစ်ထွန်းသည်။ မိုးရေချိန်အားဖြင့် လက်မ ၂၀၊ လက်မ ၄၀ အထိ ရွာသွန်းသော ဒေသများ၌ စိုက်ပျိုးအောင်မြင်သည်။ သနပ်ခါးတစ်ပင်လုံး လူ့အသုံးကား များလှသည်။ သနပ်ခါး၏ အာနိသင်များ မဆုံးနိုင်အောင်ရှိသည်။ နေပူထဲ၌ အလုပ်လုပ်ရသော အမျိုးသမီးများ သနပ်ခါးထူထူလိမ်းထားပါက အသားအရေလောင်ခြင်းကို ကာကွယ်နိုင်သည်။ အမျိုးသမီး မီးယပ်ဖြူဆင်းပြီး အသားအရေ ပူနွေးနေလျှင် သနပ်ခါးကို ကံ့ကော်ဝတ်ဆံနှင့် သွေး၍ သကြားအနည်းငယ်ထည့် တိုက်နိုင်သည်။ သို့မဟုတ် သနပ်ခါးကိုသွေး၍ ပူနွေးသော နေရာကို ထပ်ခါထပ်ခါ လိမ်းပေးနိုင်သည်။

### သနပ်ခါး၏ ထူးခြားမှုများ

အနောက်တိုင်းဖြစ် မိတ်ကပ်များသည် အမျိုးသမီးများ၏ အလှကို ထာဝရမဖြည့်ဆည်းနိုင်။ တဒင်္ဂအလှကို ပေးစွမ်းနိုင်သည်။ ယင်းမိတ်ကပ်ကြောင့် အရေပြားရှိ အခိုးထွက်ပေါက်ကလေးများကို ပိတ်စေသဖြင့် မျက်နှာတစ်ပြင်လုံး တင်းတင်း ကျပ်ကျပ် ဖြစ်လာသည်။ သနပ်ခါးကဲ့သို့ နေပူဒဏ်ကို မကာကွယ်နိုင်ပေ။ မိတ်ကပ်လိမ်းသူတိုင်း အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကိုလည်း ဖြစ်စေနိုင်သည်ဟု ပညာရှင်များက ဆိုသည်။ သနပ်ခါး အမြဲလိမ်းသော အမျိုးသမီးများသည် အလှကျက်သရေတိုး၍ ကိုယ်လက်လှုပ်ရှားမှုဖြစ်စေကာ ခန္ဓာကိုယ် အချိုးအစားလည်း ပြေပြစ်လှပစေသည်။ အမျိုးသမီးများ၏ တစ်ကိုယ်လုံး ကျော့ရှင်းသော ရုပါအဆင်းနှင့် စွဲမက်ဖွယ် ကိုယ်သင်းရနံ့ ဖြစ်စေသည်မှာ သနပ်ခါး၏ ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။ မြန်မာ့သနပ်ခါးလိမ်းပြီး ချွေးကလေးတစိုစို သင်းပျံ့လေးမွှေးနေသည်။ မြန်မာဆန်ဆန် ဝါဝင်း၍ ချစ်စဖွယ်ဖြစ်နေသည်။

ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော် ဓာတုကလျာသုံးသော ကျောက်ပျဉ်ကို ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီ ပြတိုက်တွင် ပြသထားသည်ကို တွေ့ရသည်ဟုဆိုကြ၍ ဟုတ်/မဟုတ် မသိနိုင်။ တောင်ငူခေတ်မှာလည်း သနပ်ခါးလိမ်းခြယ်မှုရှိကြောင်း တွေ့ရသည်။ ဒါ့အပြင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင်လည်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အညာသီဟတောဘုရား၏ တောင်ဘက်ရှိ ပွတ်ရွာတွင် နန်းသုံးတော်ဝင် သနပ်ခါးထွက်ရှိကြောင်း လေ့လာတွေ့ရှိရကြောင်း ဆိုပါသည်။ သက္ကရာဇ် ၇၄၅ ခုနှစ် ရာဇာဓိရာဇ်မင်းသည် ဒဂုံသို့ ချီတက်ရာတွင် ကြင်သူသက်ထား ထံသို့ ရေးပို့ခဲ့သော သုံးထောင့် အိုင်ချင်းတွင် "သနပ်ခါး ကျောက်ပြင်ပေါ်တွင် သောက်တော်ရေနှင့် ရောသွေးပါလျှင် နံ့သာအပေါ်ကျဲတတ်တယ်" ဟူသော အိုင်ချင်းနှင့် သက္ကရာဇ် ၈၅၅ ခုနှစ် အင်းဝခေတ် ဒုတိယမင်းခေါင်လက်ထက်တွင် ရှင်မဟာရဋ္ဌသာရ ရေးစပ်ခဲ့သော ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် "ဤစာသာရ၊ ဂေါသီတကို၊ နားဝနှစ်ဖက်၊ မြကျောက်ထက်၌၊ ဉာဏ်လက်ကိုင်လေး၊ ဖြည်းဖြည်းသွေး၍၊ နံ့မွှေးတသုံးလိမ်းလင့်ကုန်" ဟူ၍ အင်းဝခေတ်ကပင် မြန်မာသနပ်ခါးကို စုံစုံမက်မက် လိမ်းလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

နောက်ထပ် သနပ်ခါးနှင့် ပတ်သက်၍ ရှေးခေတ်ဆန်ဖွပ်တေး တစ်ပုဒ်တွင် "ရွှေနံ့သာခေါက်ကိုလ၊ ကျောက်ပျဉ်မှာ အသာတင်၊ ခန်းခွင်မှာသွေး၊ လိမ်းမယ်လို့ကြံ၊ မှန်ယူခဲ့ ဆံတိုလေးရယ်၊ ပိန်းရိုက်စို့လေး" ဟု တေးထပ်ဖြင့်လည်းကောင်း၊ ဦးကြီး၏ "ညဥ့်ချမ်းရယ်နေရီ၊ ချိန်တော်မီ၊ ကေသီပန်းနှင့် ရေခပ်လမ်းမှာ၊ စခန်းသင့်လို့၊ ထက်ဆင့်နီရောင်၊ ချည်စိမ်းပေါင်နှင့်၊ ယဉ်အောင်တောသူ၊ သနပ်ခါးကိုလ၊ ကွက်ပါးမှာကူ" ဟူ၍ လည်းကောင်း ရေးဖွဲ့ထားကြသည်။ ကျေးတောရွာရှိ လူပျိုလူရွယ်လေးများ၏ လှောင်ပြောင်လေ့ရှိတဲ့ "သနပ်ခါးလေး ဘဲကျားရိုက်၊ ဟိုကောင်မလေး ငါနဲ့ကြိုက်" ဟူသော စကားထာကို ကြည့်ခြင်းအားဖြင့် မြန်မာမိန်းကလေးများနှင့် မြန်မာ့သနပ်ခါးသည် ခွဲခြား၍ မရနိုင်လောက်အောင်ပင် မြန်မာ့သနပ်ခါးကို ရိုးရာယဉ်ကျေးမှုအဖြစ် အမွှမ်းတင်ခဲ့သည်။

စာမျက်နှာ ၂၁ သို့

# ပွင့်ဖြူမြို့နယ်၌ ရှေဖရုံသီးစိုက်တောင်သူများ ဈေးကောင်းရရန် မျှော်လင့်

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် အညာကျေးလက်ဒေသများရှိ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးလုပ်ကိုင်ကြသည်။ ယခုနှစ်တွင် ရှေဖရုံသီးနှံ စိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းမှုရှိသည့်အတွက် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကြသည့် ဒေသခံတောင်သူများထံမှ သိရသည်။



ပွင့်ဖြူမြို့နယ် အညာကျေးလက်ဒေသများရှိ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ယခင်က မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုအခါ စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာသည်နှင့်အမျှ အထွက်နှုန်းကောင်းသော စိုက်ပျိုးနည်းစနစ်များကို ပြောင်းလဲစိုက်ပျိုး လုပ်ကိုင်လာကြကြောင်း သိရသည်။ ထိုသို့ သီးနှံများစိုက်ပျိုးရာ၌ အချို့ကျေးရွာများမှ ဒေသခံတောင်သူများမှာ ဈေးကွက်ကောင်းမွန်သော ဟင်းသီးဟင်းရွက် စားပင်သီးနှံများကို ရွေးချယ်စိုက်ပျိုး လုပ်ကိုင်ကြကြောင်း၊ ယခုနှစ်တွင် တောင်သူများ စိုက်ပျိုးသည့် ရှေဖရုံသီးနှံမှာ အောင်မြင် ဖြစ်ထွန်းမှုရှိကာ တောင်သူများအနေဖြင့် ရှေဖရုံသီးနှံ ဆွတ်ခူးရောင်းချရချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်နေကြကြောင်း သိရသည်။

ရှေဖရုံသီးနှံ စိုက်ပျိုးရေးလုပ်ငန်းသည် ပင်ပြန့်စိုက်နည်းစနစ်နှင့်စင်ထိုး၍ စိုက်နည်းစနစ်ဟူ၍ နှစ်မျိုးရှိပြီး ပင်ပြန့်စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက ရရှိလာမည့် ရှေဖရုံသီးမှာ အလုံးကြီးထွားဖွံ့ဖြိုးမှုနည်းသည့်အတွက် ရောင်းချရာတွင် ဈေးလျော့နည်းကြောင်း၊ စင်ထိုး၍ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက အသီးသီးသည့်အခါတွင် အလုံးရေ ပို၍သီးသည့်အပြင် ကြီးထွားဖွံ့ဖြိုးမှု ကောင်းမွန်သည့်အတွက် ရောင်းချရာတွင် ဈေးပိုရရှိကြောင်း ၊ ရှေဖရုံသီးနှံအပင်ရေ ၁၀၀ ခန့် စိုက်ပျိုးပါက စိုက်ပျိုးစရိတ်အရင်းအနှီး ငွေကျပ်တစ်သိန်းခွဲခန့် ကုန်ကျမှုရှိပြီး သီးနှံဝင်ငွေအကျိုးအမြတ် အနေဖြင့် အနည်းဆုံး ငွေကျပ်ခြောက်သိန်း နီးပါးခန့် ရရှိကြောင်း၊ ရှေဖရုံသီးနှံသည် စနစ်တကျပြုစုပျိုးထောင်စိုက်ပျိုးပါက စိုက်ပျိုးစရိတ် အရင်းအနှီးနည်းပြီး ဝင်ငွေပိုမိုရရှိသည့်အတွက် ရှေဖရုံသီးနှံကို စိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ ရှေဖရုံသီးနှံစိုက်ပျိုးတောင်သူ ကိုသိန်းထိုက်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာရှိ ဒေသခံတောင်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေအမှီပြု၍ ဥယျာဉ်ခြံမြေများနှင့် ကိုင်းမြေများတွင် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံနှင့် သစ္စာပန်း၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ သပြေပန်း၊ ကံ့ကော်ပန်း စသည့် ဘုရားပန်းမျိုးစုံတို့ကို ရာသီမပြတ် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြ ကြောင်းသိရပြီး စိုက်ပျိုးသည့် သီးနှံများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ် စမ်းအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေး

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ယမန်နေ့က စမ်းအိုင်ကျေးရွာ၌ ထုတ်ချေးပေးကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်မီမီအောင်ထံမှ သိရသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာဖြစ်သည့် စမ်းအိုင်ကျေးရွာတွင် ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ၏ ဝင်ငွေ လျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

စမ်းအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပထမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၁၄၆ ဦးအတွက် ငွေကျပ် ၂၇၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ငါးဦးအတွက် ငွေကျပ် ၁၁ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်သူ ၁၀ ဦးအတွက် ငွေကျပ် ၁၆ ဒသမ ၅ သိန်းကို ငွေတစ်ရာကျပ်လျှင် အတိုးနှုန်းပြား ၅၀ ဖြင့် ထုတ်ချေးပေးကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးက ပြောသည်။

**သန်းလွင်(မကွေး)**

သက်ရှိကမ္ဘာ ရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

*စာမျက်နှာ ၂၀ မှ*

မြန်မာနိုင်ငံတွင် မြန်မာ့သနပ်ခါးနေ့အဖြစ် တပို့တွဲလပြည့် (ယခု ၂၀၂၁ ဖေဖော်ဝါရီ ၂၆) ရက်တွင် မြို့နယ်ငါး မြို့နယ်ဖြစ်သည့် အရာတော်၊ ရွှေဘို၊ ရေစကြို၊ မြိုင်နှင့် ပေါက်မြို့နယ်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သနပ်ခါးအသင်း ဥက္ကဋ္ဌ ဦးကျော်မိုး(အရာတော်) ထံမှ သိရသည်။ ဆက်လက်၍ မြန်မာ့သနပ်ခါးနေ့ကို မြို့နယ်ငါး မြို့နယ်တွင် ပြုလုပ်ရခြင်းမှာ ရိုးရာယဉ်ကျေးမှုများ ရေရှည်ရပ်တည်နိုင်ရန်ဖြစ်ကြောင်း၊ သနပ်ခါးမဟုတ်ဘဲ သနပ်ခါး အမည်ခံ အလှကုန်များကို ဟန့်တားနိုင်ရန်အတွက် မြန်မာတစ်မျိုးသားလုံးက မြန်မာ့သနပ်ခါးကို မြတ်နိုးတန်ဖိုးထားတတ်ရန်အတွက် မြန်မာ့သနပ်ခါးနေ့ကို ကျင်းပရခြင်းဖြစ်သည်ဟု ဆက်လက်ပြောကြားသည်။ မြန်မာ့သနပ်ခါးနေ့အဖြစ် ကျင်းပရာတွင် သနပ်ခါးဖြင့် မီးပူဖော်ခြင်း၊ သနပ်ခါးနံ့သာရေဖြင့် ဘုရားအားဆက်ကပ်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ စတုဒိသာအဖြစ် ထမနဲထိုး၍ ဝေငှခြင်း၊ သနပ်ခါးနှင့် ပတ်သက်သည့် အသိပညာပေးစာစောင်များ ဝေငှခြင်း စသည်တို့ကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အလားတူ "ယူနက်စကိုတွင် မြန်မာသနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ရရှိနိုင်အောင် ၂၀၂၀ ပြည့်နှစ်၊ မတ်လက တင်ပြထားကြောင်း၊ ယခုလက်ရှိတွင် ပြည်တွင်း သနပ်ခါးဈေးကွက်အတွင်း ရောင်းချ နေသည့် သနပ်ခါးအမည်ခံ အလှကုန်ပစ္စည်းများကိုဟန့်တားနိုင်ပါက သနပ်ခါး ဈေးကွက်ကောင်းလာမည်ဖြစ်ပြီး မြန်မာ့သနပ်ခါးရိုးရာယဉ်ကျေးမှု အမွေအနှစ်ကိုလည်း ထိန်းသိမ်းရာ ရောက်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သနပ်ခါးစိုက်ကေအများဆုံးမှာ အရာတော်မြို့နယ်ဖြစ်ပြီး သနပ်ခါးစိုက် ကေတစ်သိန်းကျော်ရှိကြောင်း ဒေသခံဥက္ကဋ္ဌ ဦးကျော်မိုး (အရာတော်) က ဆက်လက်ပြောကြားသည်။

သဖန်းသား၊ ဥသျှစ်ခေါက်၊ ဆူးဖြူခေါက်၊ ပင့်ကူလက်ကြား၊ သစ်ပလွေသား စသော ဆင်တူယိုးမှားသနပ်ခါးများကို သုံးမိလျှင်ကား "လှစေချင်၍ သွားကြောင်တိုက်၊ ရေစီးကမ်းပြိုလိုက်" ဟူသကဲ့သို့ ဖြစ်သွားနိုင်သည်။ သနပ်ခါးအစစ်သည် သွေး၍ လိမ်းလိုက်သည်နှင့် သင်းရနံ့ထုံ၏။ လိမ်းပြီး ပွတ်ကြည့်လိုက်လျှင်လည်း ကွာမကျဘဲ ကပ်နေ၏။ အဆီပြန်ခြင်းမရှိ။ ဤမျှဖြင့်ပင် သနပ်ခါးစစ် မစစ် သိနိုင်သည်။ ရှေးရှေးက "ရွှေနံ့သာခေါက်ကိုလ ကျောက်ပေါ်မှာတင် ခန်းခွင်ကမွှေး" ဟု ဆိုရေးရှိခဲ့သည်။

သနပ်ခါးသည် အမျိုးသမီးများအတွက် လွယ်လင့်တကူ လိမ်းခြယ်အလှပစ္စည်းသာမက လူသားအားလုံးအတွက်လည်း ဆေးဖက်ဝင်နေသည်။ မြန်မာဆေးကျမ်းများ၌ သနပ်ခါးသည် ပူ၏။ သွေးကို ကြွစေတတ်၏။ သနပ်ခါးသည် ပူ၊ ခါး၊ ချူပ်၊ ပွင့် ဖြစ်၏။ ငန်းမန်းကိုနိုင်စေ၏။ အပူနာ၊ အအေးနာ နှစ်မျိုးလုံးတွင် သုံးနိုင်၏။ လိမ်းလျှင် အေး၍ ချွေးရ၏။ ကျောက်ရောဂါကို ကာကွယ်နိုင်၏။ အဆိပ်သင့်ခြင်း၊ အနာပေါက်ခြင်း၊ ဝက်ရူးနာ၊ ဝက်သက်နာ၊ အနာညှော်ဝင်ခြင်း၊ ရာသီဖျားတို့ကို ပျောက်ကင်းစေသည်ဟု ဖော်ပြထားခြင်းဖြင့် သနပ်ခါးသံသရာကို စုံလင်စွာဖွဲ့ဆိုလိုက်ပါသည်။ ။

# အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက် ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေး အဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်း သတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ညောင်တုန်းမြို့၌ အတုလမာရဇိန်ဘုရားကြီးနှင့် ဘုရားစေတီပုထိုးများ ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထား

ညောင်တုန်း ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၂) ရပ်ကွက်ရှိ အတုလမာရဇိန် ဆုတောင်းပြည့်သွန်းဘုရားကြီးအား ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေမှုများကြောင့် ဖူးမြော်ခွင့် ခေတ္တယာယီပိတ်ထားရာမှ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်၍ ပြန်လည်ဖွင့်လှစ်ထားသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ရာတွင် အနယ်နယ်အရပ်ရပ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေ့စဉ်နံနက် ၆ နာရီမှ ည ၇ နာရီအထိ လာရောက်ဖူးမြော်နိုင်ရေးအတွက် ဖွင့်လှစ်ပေးထားကြောင်း အတုလမာရဇိန်သွန်းဘုရားဂေါပကအဖွဲ့မှ ဦးမျိုးအောင်က ပြောသည်။

အဆိုပါ အတုလမာရဇိန်သွန်းဘုရားကြီးအား ၁၂၅၃ ခုနှစ်က စတင်တည်ထားခဲ့ရာ နှစ်ပေါင်း ၁၂၉ နှစ်ခန့်ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဘုရားကြီးဖြစ်သည်။ ဘုရားကြီးတွင် နေ့စဉ်ဘုရားဖူးသူများ လာရောက်လျက်ရှိသည်။ ညောင်တုန်းမြို့တွင် သမိုင်းဝင်မြို့ဦး မိုးဟုပ်စေတီတော်၊ နိုင်ငံအေးဘုရားကြီး၊ ဥသျှစ်လှစေတီတော်များတွင်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်၍ ဖွင့်လှစ်ထားပြီး ရဟန်းရှင်လူ၊ ပြည်သူများ ကိုဗစ်- ၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာဖြင့် လာရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။

ထွန်းကျော်၊ ဝင်းမြင့်ကျော်
(ညောင်တုန်း)



# ကသာမြို့တွင် မြေပဲစိုက်တောင်သူများ မြေအစိုဓာတ်ရရှိရေးအတွက် ရေဖျန်းစနစ်အသုံးပြုစိုက်ပျိုးလာ

ကသာ ဖေဖော်ဝါရီ ၂၂

ကသာမြို့တွင် ဧရာဝတီမြစ်သဲသောင်ထွန်း မြေနုကျွန်း၌ မြေပဲစိုက်ပျိုး တောင်သူများ မိုးမရွာ၍ ရေရရှိမှုနည်းသဖြင့် ရေဖျန်းစနစ်ဖြင့် မြေအစိုဓာတ်ရရှိရေး သီးနှံအထွက်နှုန်းအားကောင်းစေရန် အသုံးပြုသူများလာသည်။

"လွန်ခဲ့သော နှစ်တွေကဆိုရင် မြေပဲစိုက်ထားပြီး အခြားသီးနှံဖြစ်တဲ့ ပြောင်း၊ မုန်ညင်း၊ သခွားမွှေးသီး၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ကြက်သွန်၊ ဖရဲ အစရှိတဲ့ ဈေးကွက်ဝင် သီးနှံပင်မျိုးစုံကို အချိန်ယူစိုက်ပျိုးနိုင်တယ်။ အရင်နှစ်ကစပြီး ရာသီမိုးမရွာတဲ့အတွက် ဧရာဝတီမြစ်ရေနဲ့ အင်းကွက်ပေါ် ရေကျန်နေရာမှ ရေတွေကို ရေစုပ်စက်အကူနဲ့ စုပ်ယူကာ ရေပိုက်တွေကို အပေါက်သေးတွေဖောက်ပြီး ရွှေ့လျားရေ အစိုဓာတ်ပေးခြင်း၊ မြေပဲစိုက်ပျိုးတဲ့ နေရာတွေနဲ့ မြေပဲခင်းကိုကြည့်ပြီး ရေဖျန်းခြင်းစနစ် ပြောင်းလဲလုပ်ကိုင်နေကြပါတယ်"ဟု ဦးမန်းထွန်းက ပြောသည်။

ယခု ဖေဖော်ဝါရီလတွင် မြေပဲစိုက်ပျိုးထားရှိချိန်မှ တစ်ချိန်တစ်ခါမျှ ရာသီမိုးရွာသွန်းခြင်းမရှိသည့်အတွက် မြေအစိုဓာတ်ရေခန်းခြောက်ခြင်းကြောင့် ရေဖျန်းပေးခြင်းလုပ်ငန်းကို မနက်/ညနေအစိုဓာတ် လိုအပ်သောနေရာများကို ရေဖျန်းပေးလျက်ရှိသည်။ အချို့မှာ ဧရာဝတီမြစ်ရေလမ်းကြောင်းနှင့် ဝေးသဖြင့် ရေဖျန်းနိုင်ရေး တူးတွင်းများတူးကာ ရေစုပ်စက်အကူဖြင့် မြေပဲပင်အစိုဓာတ်ရရှိရေး မြေပဲစိုက်ပျိုးတောင်သူများ ကိုယ်တိုင်ကြိုးပမ်းလုပ်နေကြကြောင်းနှင့် ဂေါ်ဖီထုပ်များ ရောင်းချရာ ဝယ်ယူသူများ လာရောက်ခြင်းမရှိ၍ လုပ်အား၊ ငွေအား အရှုံးပေါ်နေမှုကို ကာမိစေရန် မြေပဲအထွက်တိုးနှုန်း ကောင်းမွန်စေရန် မြေဆီအားဆေးများကို ထည့်သွင်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ငွေအိုး



# ပဲကူကျေးရွာ ကုန်ထုတ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်

မြင်းမူ ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပဲကူကျေးရွာ ကုန်ထုတ်လမ်းကို ခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်သည့်ကုမ္ပဏီမှ ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လမ်းအရှည် သုံးမိုင် ခုနစ်ဖာလုံရှိကာ လမ်းအကျယ် ၁၂ ပေနှင့် ထု ကိုးလက်မရှိကြောင်း၊ လုပ်ငန်းပြီးစီးမှုမှာ ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် ယခုကုန်ထုတ်လမ်းပြီးစီးသွားပါက ယင်းကျေးရွာမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း လွယ်ကူစွာ သယ်ယူရောင်းချနိုင်မည် ဖြစ်သည့်အတွက် ကျေးရွာ၏ စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီက ပြောသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကျေးလက်နေဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် အင်းမကျေးရွာနှင့် ကန်တော်ကျေးရွာများတွင် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)



သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။



COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။

## ကျောက်ပန်းတောင်းမြို့နယ်၌ မန်ကျည်းသီးပွဲရုံများသို့ မန်ကျည်းသီးမှည့်များ စတင်ဝင်ရောက်



**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မန်ကျည်းသီးမှည့်များ ဈေးကွက်သို့ စတင်ဝင်ရောက်လာနေပြီး မန်ကျည်းလှောင်ပွဲစားများ မန်ကျည်းသီးမှည့်များ စတင်ကောက်ယူနေပြီဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာရှိကာ ကျေးရွာတိုင်းတွင် မန်ကျည်းပင်၊ မန်ကျည်းတောများ အင်မတန်ပေါများကာ မန်ကျည်းသီး သီးနှုန်းမှာလည်း ယခုနှစ်အသီးသီးနှုန်း ကောင်းမွန်ပြီး မန်ကျည်းသီး ဆွတ်ခူးရောင်းချိန်ရာသီစလာပြီဖြစ်ကြောင်း သိရသည်။

မန်ကျည်းပင်များ အပင်ပေါက်မှ စတင်အပွင့်ပွင့်၊ အသီးသီးချိန်သည် နှစ် ၂၀ ခန့်ကြာမြင့်ပြီး မန်ကျည်းပင်ပျိုးရောက်ရှိရန် နှစ် ၂၀ ခန့်ကြာမြင့်ကြောင်း၊ မန်ကျည်းပင်များ သပ်သပ်စိုက်ပျိုးမှု မရှိဘဲ အိမ်ခြံစည်းရိုး၊ ယာခြံစည်းရိုးများမှ အပင်ကြီးများသာ ထားရှိကြောင်း ဦးချစ်ထွေးက ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ်ထွက် မန်ကျည်းသီးများအနက် နတ်ကန်လည်၊ လျှော်တော၊ ပြင်မကျီး၊ ညောင်ဖြူပင်၊ မုန့်ကုန်း ကျေးရွာထွက် မန်ကျည်းသီးများသည် မန်ကျည်းအသား ပါရှိမှုများခြင်း၊ မန်ကျည်းအတောင့်(အဆစ်) ရှည်ခြင်းများကြောင့် ပွဲစားများ အကြိုက်ဖြစ်ကာ မန်ကျည်းဈေးနှုန်းမှာလည်း အခြားဒေသထွက် မန်ကျည်းများထက် ဈေးနှုန်း ပိုပေးဝယ်ယူရကြောင်း သိရသည်။

ရှေးအဆိုအရ မန်ကျည်းတစ်လှည့်၊ ဆီးတစ်လှည့်ဟု ဆိုသော်လည်း နှစ်စဉ်နှစ်တိုင်း မန်ကျည်းသီးများ ပွတ်သိပ်နေအောင်သီးသည့် အပင်များလည်းရှိကြောင်း သိရသည်။ ရှေးဘိုးဘွားများသည် နှစ်ရှည်သီးနှံပင်များကို နှောင်းလူငယ်တို့အား စာချိုးဖြင့် သင်ကြားလေ့ရှိရာ မန်ကျည်းသီးမှည့်ချိန် ခူးဆွတ်ရာတွင် အပင်ကိုင်းဖျားများကို ၁၀ ပေခန့် အရှည်ရှိသည့် ဝါးလုံး ဖြောင့်ဖြောင့်ဖြင့် ရိုက်ပုတ်ဆွတ်ခူးခြွေချရကြောင်း၊ သို့မှသာ လာမည့်နှစ် အဖူး၊ အပွင့်၊ အသီးပိုသီးကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မန်ကျည်းသီးမှည့်များ စတင်ရောင်းချလာနေပြီ ဖြစ်ရာ မန်ကျည်းသီးမှည့် အစေ့နှင့်အကြောမသင် ရသေးသည့် တစ်ပိဿာငွေကျပ် ၁၀၀၀ မှ ၁၁၀၀၊ အစေ့ထုတ်၊ အကြောသင်ပြီး တစ်ပိဿာ ငွေကျပ် ၂၂၀၀ ပေးဝယ်ရကာ မန်ကျည်းသီးအကြောသင်၊ အစေ့ထုတ် တစ်ပိဿာထုပ်ခ ငွေကျပ် ၂၅၀ ပေးရသည်။ မန်ကျည်းသီး အကြောသင် အစေ့ထုတ်သမတစ်ဦးတစ်ရက်လျှင် ၁၅ ပိဿာ ခန့်ပြီးကြောင်း၊ မန်ကျည်းစေ့ တစ်တင်းငွေကျပ် ၅၀၀၀ ဖြင့် ပြန်ရောင်းရကြောင်း မန်ကျည်းပွဲစား ဒေါ်ခင်မြက ပြောသည်။ အကြောသင်၊ အစေ့ထုတ်ပြီးသား မန်ကျည်းမှည့်များကို အမိုးအကာ လုံခြုံသည့်နေရာတွင် ထားရှိခြင်း၊ ပိုများ၊ ပုတ်များဖြင့် ထည့်ကာ နှစ်ပတ်လည် လှောင်ထားပြီး ဈေးနှုန်းတက်ချိန် ပြန်လည်ရောင်းချကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## လျှော်ဖြူပင် စိုက်ပျိုးသူများ အပင်ထိန်းသိမ်းမှု ပုံမှန်ပြုလုပ်ပေးရင်း ဈေးကွက်ကောင်း စောင့်ဆိုင်းနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်တွင်းရှိ လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအနေဖြင့် အပင်ထိန်းသိမ်းမှုပုံမှန်ပြုလုပ်ပေးရင်း ဈေးကွက်ကောင်းချိန်ကို စောင့်ဆိုင်းနေကြသည်။

“ဈေးကွက်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လျှော်ဖြူပင်တွေကို အပင်ထိန်းသိမ်းစောင့်ရှောက်မှု အမြဲလုပ်ပေးနေရပါတယ်။ လုပ်ပေးမှကို အဆင်ပြေတာပါ။ ဒီလိုသာမလုပ်ပေးထားရင် ဈေးကွက်ကောင်းတဲ့အချိန်ကျတော့ အပင်(အစေး) အရည်အသွေးမကောင်းတော့ဘဲ ဖြစ်နေမှာပေ့ါ။ ရေပေးနိုင်ရင်ရေပေးတာ၊ ပေါင်းရှင်းတာ၊ ပိုးသတ်ဆေးဖျန်းပေးတာ၊ အပင်ခြေအမှိုက်ရှင်းတာ စသဖြင့် လုပ်ပေးနေရပါတယ်။ ကိုင်းတွေတော့ ခုတ်ပေးဖို့ မလိုပါဘူး”ဟု ပုသိမ်ကြီးမြို့နယ် ဂန္ဓမာရွာရှိ နန္ဒဝန်လျှော်ဖြူခြံမှ ဦးဇင်မင်းသန့်က ပြောသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ပြန့်ပွားမှု ပထမအကျော့ကာလမှစတင်၍ လျှော်ဖြူ(ဆေးကုလားမ) ကို ပြည်ပတင်ပို့ရောင်းချမှုအပိုင်း အားနည်းလာပြီး ဈေးနှုန်းများ အဆမတန်ကျဆင်းခြင်း ဖြစ်သည်။

“အစေးထုတ်လုပ်ခြင်းကိုတော့ အခုအချိန်မှာ နားထားကြပါတယ်။ ဈေးကွက်ကရှိတယ်။ ဈေးက ပေးတာနည်းနေပြီး တွက်ခြေမကိုက်လို့ မထုတ်ရောင်းကြတာပါ။ တော်ရုံတန်ရုံ ငွေကြေးအဆင်ပြေနေတဲ့ တတ်နိုင်တဲ့သူတွေကပါ ရတဲ့ဈေးနဲ့ ထုတ်ရောင်းနေမယ်ဆိုရင် ဈေးကွက်အခြေအနေက ပိုဆိုးသွားမှာစိုးလို့ အစေးမခြစ်ဘဲနဲ့ အပင်ပြုပြင်ထိန်းသိမ်းမှုတွေလုပ်ရင်း ဈေးကောင်းရလာချိန်ကို စောင့်ဆိုင်းနေကြပါတယ်။ ဒီကြားထဲမှာတော့ တန်ဖိုးမြင့်စားသောက်ကုန်တွေ အမျိုးမျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်ထဲကို ဖြန့်ချိပေးနေပါတယ် ” ဟု ၎င်းက ဆက်လက်ပြောသည်။

ငွေကြေးတတ်နိုင်ပြီး ဈေးကွက်အခွင့်အလမ်းမြင်သည့် တောင်သူများမှာလည်း လျှော်ဖြူစေး(ဆေးကုလားမ)ထုတ်လုပ်ခြင်းကို ရပ်နားထားကြပြီး ကုန်ချောထုတ်လုပ်မှုများကိုသာ အာရုံစိုက် အလေးထားလုပ်ကိုင်လာကြသည်။ **နန်းထက်ထက်ချစ်**

## ဘူးသီးတောင်မြို့နယ်၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၂၂**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လောင်းချောင်းကျေးရွာ၌ ပြည်ထောင်စုမွမ်းမံရန်ပုံငွေ ကျပ် ၄ ဒသမ ၈၅ သန်းဖြင့် ရေပိုက်လိုင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်နယ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၀၀ သန်းဖြင့် အင်ကြင်းမြိုင်ကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က စစ်ဆေးကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို ဆွေးနွေးခဲ့သည်။

လောင်းချောင်းကျေးရွာ ရေပိုက်သွယ်တန်းခြင်းမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး အင်ကြင်းမြိုင်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းတို့မှာ ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြု ပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြှိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြှိမ်းသတ်ရေးကိရိယာများ စုံလင်စွာ ထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြှိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြု တတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကား သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

### ၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- **(COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။**
- **(COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။**
- **(COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။**

#### (က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဇာလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

#### (ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မူနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ညှော်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် စာပေး/စာယူဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

- **လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။**

### ၂။ ထမင်းစားချိန်တွင်-

- **ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။**
- **အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။**

### ၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

#### (က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မူကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။

- **ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝမပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားပါ။**

- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြားပေးပါ။

#### (ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကျောင်းများပြန်ဖွင့်နိုင်ရေးအတွက် စာသင်ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရာမှ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းစေရေးအတွက် ကျောင်းများအတွင်းအပြင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိသည်။**

**မောင်တော**

မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ ရက်က ဆောင်ရွက်ခဲ့ရာတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၄) နယ်ခြားစောင့်တပ်မှ တပ်ရင်းမှူး ဒုရဲမှူးကြီး ဇော်လင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကြာစိန်အောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးနှင့် ဆရာ ဆရာမများ ပူးပေါင်းပါဝင်၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကို ဝိုင်းဝန်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး တင်ဝင်းထွဋ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**အမ်းမြို့နယ်**

ရခိုင်ပြည်နယ် အမ်းမြို့၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် အမှတ်(၃) ဈေးရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့သည်။ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူးနှင့် တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ပညာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ဆက်လက်၍လည်း မြို့နယ်အတွင်းမှ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းအားလုံးကို ကျောင်းပြန်ဖွင့်ချိန်တွင် သန့်ရှင်းစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်စဉ်က အသွားအလာကန့်သတ် စောင့်ကြည့်စင်တာအဖြစ် ဆောင်ရွက်ခဲ့သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၁ ရက်က ဆောင်ရွက်ခဲ့သည်။ အဆိုပါကျောင်းတွင် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် သန့်ရှင်းရေးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးနောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်တို့၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဟသ်ာတမြို့နယ်ကြက်ခြေနီ စေတနာ့လုပ်အားရှင်များနှင့် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့ခိုင်နှင့် တာဝန်ရှိသူများပါဝင်သည့် စုပေါင်းအဖွဲ့များက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စာသင်ခန်းများအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း ပေါက်ရောက်နေသည့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်း၍ စနစ်တကျ မီးရှို့ဖျက်စီးခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ် ပုပ္ဖဝိဇယ စေတီတော်၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ပုပ္ဖဝိဇယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း မြို့နယ် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သိရသည်။

"အခုက ပဉ္စမအကြိမ်မြောက် ကျင်းပပူဇော်တာဖြစ်ပါတယ်။ အဘိဓမ္မာ ခုနစ်ကျမ်း၊ နေ့ ည အသံမစဲ မဟာပဋ္ဌာန်းကို ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းတိုက် ဆရာတော်နဲ့ ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းယု) ကျောင်းတိုက်ဆရာတော်တို့ ဦးဆောင်ပြီး ဆရာတော်၊ သံဃာတော်များက ငါးရက်တိုင် ရွတ်ဖတ်ပူဇော်သွားမှာဖြစ်ပါတယ်"ဟု သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဝေက ပြောသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်နာယူ ပူဇော်ခဲ့ကြသည်။

မိုင်းယောင်းမြို့နယ် ပုပ္ဖဝိဇယ စေတီတော်ကြီး၌ ယခင်နှစ်များတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့်အတူ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲများကို နှစ်စဉ် စည်ကားစွာ ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားကူးစက်မှု အခြေအနေကြောင့် အဘိဓမ္မာ ခုနစ်ကျမ်းကို နေ့ည အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲကိုသာ ကျင်းပသွားမည်ဟု သိရသည်။ **စိုင်းအောင်ဇော်လင်း**



## ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ တပ်မတော်ဆရာဝန်များက ဆေးဝါးကုသပေး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်



အတွင်းမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် အမှတ်(၈) တပ်မတော်ဆေးရုံ၊ ခုတင်(၂၅) (ရွှေကျင်)မှ ဆရာဝန်များက ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျောက်တံခါးမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်၍ ဆေးဝါးကုသမှုများ စတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အမှတ်(၈)တပ်မတော်ဆေးရုံမှ ဆရာဝန်များဖြစ်ကြသည့် ခွဲစိတ်ဆရာဝန် ဗိုလ်ကြီးဘုန်းကျော်နှင့် အထွေထွေရောဂါကုဆရာဝန် ဗိုလ်ကြီးအောင်သူ၊ သူနာပြုအရာရှိ ဗိုလ်အောင်မိုးဦးတို့က ဦးဆောင်၍ ခွဲစိတ်လူနာများ၊ အရေးပေါ်လူနာများနှင့် အထွေထွေရောဂါလူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ကန့်ဘလူမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများ စတင်ထုတ်ပေး

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီမှစတင်ကာ အငြိမ်းစား ဝန်ထမ်းများအတွက် ပင်စင်လစာများကို ကိုဗစ်ကာလ ကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အငြိမ်းစားပင်စင်လစာများထုတ်ပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် အဖွဲ့များခွဲ၍ ထုတ်ပေးလျက်ရှိကာ ဖေဖော်ဝါရီ ၂၂ ရက်က ပင်စင်စား ၂၉၀ အတွက် ပင်စင်လစာများ ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ပင်စင်စားများ အဆင်ပြေစွာ ငွေထုတ်ယူနိုင်ရေးအတွက် ကန့်ဘလူမြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာနှင့် ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကန့်ဘလူမြို့နယ်တွင် ပင်စင်စားဝန်ထမ်း စုစုပေါင်း ၁၅၈၈ ဦးရှိရာ ကျန်ပင်စင်စားများကိုလည်း ပင်စင်လစာများ အဆင်ပြေစွာ ထုတ်ယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဖောင်းပြင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**ဖောင်းပြင် ဖေဖော်ဝါရီ ၂၂**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ဖောင်းပြင်မြို့နယ်တွင် ဖွင့်လှစ်ခဲ့သော အဆင့်မြင့်စက်ချုပ်သင်တန်း၏ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ဟာပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် မော်လိုက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသိန်းမင်းက သင်တန်းဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် သင်တန်း၌ ထူးချွန်သူ သုံးဦးအား ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပြီး သင်တန်းသူအားလုံးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူများ သင်ယူရာ၌ အထောက်အကူဖြစ်ရန်အတွက် သင်ထောက်ကူပစ္စည်းများကို ဌာနက ထောက်ပံ့ပေးပြီး တိုက်ပုံ၊ ကုတ်၊ ယူနီဖောင်းမျိုးစုံနှင့် ဘလောက်စ် စသည့် ဒီဇိုင်းကိုးမျိုး ချုပ်လုပ်နည်းများကို သင်ကြားပို့ချပေးခဲ့ကာ သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း၊ သင်တန်းကို ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချခဲ့ပြီး သင်တန်းမှ ပညာရပ်များဖြင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်နိုင်ခြင်းဖြင့် သင်တန်းသူများအနေဖြင့် ဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအွမ်တမ်ဟုန်းက ပြောသည်။ **ကိုထွန်း(ဖောင်းပြင်)**

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ထောက်ပံ့ငွေ ပေးအပ်ပွဲကို မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

ထောက်ပံ့ငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်ကို အသေးစိတ် ရှင်းလင်းပြောကြားပြီးနောက် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှိ ဌာနစိတ်အသီးသီးတို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်မပျက် လုပ်ကိုင်နေကြသည်ကို တွေ့ရသဖြင့် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း အမှာစကား ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်နေသော ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်များသို့ အမြန်ပြန်လည်ဝင်ရောက်ရန်နှင့် တာဝန်သိစွာ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်သူများအား တစ်စုံတစ်ရာအရေးယူမှုများ ပြုလုပ်မည်မဟုတ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားသည်ကို တာဝန်ရှိသူ အဆင့်ဆင့်က ဝန်ထမ်းများ နားလည်သဘောပေါက်အောင် အသိပေး ပြောကြားပေးစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံးဖြင့် မိသားစုသဖွယ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများကိုလည်း မိမိတို့အနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာ၍ နိုင်ငံ့တာဝန်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

**ထောက်ပံ့ငွေများကို ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဝင်များက ထောက်ပံ့ငွေများကို ပေးအပ်ရာ ဥက္ကဋ္ဌက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဌာနခွဲ(၁)မှ ဝန်ထမ်း ၄၇ ဦးအတွက် လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ဌာနခွဲ(၂)ရှိ ဝန်ထမ်း ၃၇ ဦးအတွက်လည်းကောင်း၊ အဖွဲ့ဝင်(၂) ဦးမျိုးအောင်က ဌာနခွဲ(၃)မှ ဝန်ထမ်း ၁၀၁ ဦးအတွက် လည်းကောင်း၊ အဖွဲ့ဝင်(၃) ဦးသိန်းဌေးက ဌာနခွဲ(၄)မှ ဝန်ထမ်း ၇၃ ဦး အတွက်လည်းကောင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး ဦးမြင့်လွင်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးရုံးမှ ဝန်ထမ်း ၄၅ ဦး အတွက်လည်းကောင်းပေးအပ်ပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ရာတွင် စုစုပေါင်း ဝန်ထမ်း ၃၀၃ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် သုံးသောင်းစီနှင့် ခေါက်ဆွဲခြောက် နှစ်ဖာစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငါန်းဇွန်မြို့နယ်မှ ကျေးရွာသုံးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ငါန်းဇွန် ဖေဖော်ဝါရီ ၂၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်စေရန်အတွက် ရည်ရွယ်ပြီး ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ သာယာပေါင်းကျေးရွာ၊ ရွာဘိုတောင်ကျေးရွာနှင့် အိုင်လျှားကျေးရွာတို့၌ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ရေဂါလန်၂၄၀၀ ဆံ့ အမြင့်တင်ရေစင်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း ၇၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမိုးအောင်၊ ဦးစီးအရာရှိ(နည်းပညာ) ဦးစိုးဝင်းထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးမှုများလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



## မြန်မာ့စီးပွားရေးဘဏ်(ဘားအံ)၌ ပင်စင်လစာ ကျပ်သိန်း ၇၃၀ ကျော်ကို ပထမနေ့တွင် စတင်ထုတ်ပေး

**ဘားအံ ဖေဖော်ဝါရီ ၂၂**
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ ကာကွယ်ရေးပင်စင်စား၊ မြို့ပြပင်စင်စားနှင့် နိုင်ငံရေးပင်စင်စားများအတွက် ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်(ဘားအံခရိုင်ဘဏ်ခွဲ)၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီမှ စတင်ထုတ်ပေးခဲ့ရာ မွန်းတည့် ၁၂ နာရီအထိ ပင်စင်စား ၅၃၀ ခန့်အတွက် ပင်စင်လစာငွေ ကျပ် ၇၃၆ သိန်းကျော်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပင်စင်လစာ ထုတ်ပေးရာတွင် ယခင်က အတိုင်း ပုံမှန် ထုတ်ပေးလျက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ် ဘားအံခရိုင် ဘဏ်ခွဲအနေဖြင့် အစိုးရရုံးပိတ်ရက်များမှလွဲ၍ ပိတ်ရက်မရှိ ပုံမှန်ဖွင့်လှစ်ပြီး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများကို လစဉ် ၂၁ ရက်မှ စတင်ထုတ်ပေးသော်လည်း ယခုလ ၂၁ ရက်သည် ရုံးပိတ်ရက်ဖြစ်၍ ယနေ့နံနက်မှ စတင် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပင်စင်စားများအနေဖြင့် လစဉ် ၂၁ ရက်နေ့မှစ၍ မည်သည့်ရက်တွင်မဆို လာရောက်ထုတ်ယူနိုင်ကြောင်း၊ လုံခြုံရေး အခြေအနေအရ တင်းကျပ်မှု အနည်းငယ်ရှိသော်လည်း မည်သူမဆို ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ရယူနိုင်ကြောင်း၊ ပင်စင်စားများနှင့် ကိုဗစ်ကာလ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို နားလည်သဖြင့် ဘဏ်ဝန်ဆောင်မှုများကို ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝါးပေါင်းခံရည်ကို ကိုယ်တိုင်ထုတ်လုပ်သုံးစွဲသူများရှိလာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**
ဝါးပေါင်းခံရည်ထုတ်လုပ်နည်း သင်တန်းများကို မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက ဖွင့်လှစ်သင်ကြားပေးပြီးနောက်တွင် ဝါးပေါင်းခံရည်ကို ကိုယ်တိုင်ထုတ်လုပ် သုံးစွဲသူများရှိလာကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှ သိရသည်။

"ဝါးပေါင်းခံရည်ထုတ်လုပ်နည်း သင်တန်းကို အရင်တုန်းက သင်ကြားပေးခဲ့ဖူးပါတယ်။ အခုဆိုရင် သင်တန်းသားတွေထဲကနေ ကိုယ်တိုင် ထုတ်လုပ်အသုံးပြုလာကြတာလည်း ရှိနေပါပြီ။ ဝါးပေါင်းခံရည်ဆိုတာ ဓာတုလွတ်တယ်။ သူက သဘာဝအတိုင်းကိုပဲ ဘာမှရောနှောစရာလည်း မပါဘူးလေ"ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

**အအေးခံခြင်းဖြင့်ရရှိ**

ဝါးမီးသွေးပေါင်းခံရည်ဆိုသည်မှာ ဝါးကိုမီးဖုတ်၍ ယင်း မီးသွေးဖိုမှ ထွက်လာသော မီးခိုးကို ပြန်လည်အအေးခံခြင်းဖြင့် ရရှိလာသည့် အရည်ဖြစ်ပြီး ဂျပန်နိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် ယနေ့အထိ အသုံးပြုလျက်ရှိသည်။

ဝါးမီးသွေးပေါင်းခံရည်မှာ မြေဩဇာ၊ ပိုးသတ်ဆေး မဟုတ်သော်လည်း အပင်များ ကြီးထွားစေရန် အစွမ်းရှိသလို အပင်များကို ရောဂါပိုးမွှားများ မကျရောက်စေရန် ကာကွယ်ပေးနိုင်သော အစွမ်းသတ္တိလည်း ရှိသဖြင့် တောင်သူများကိုယ်တိုင် ထုတ်လုပ်အသုံးပြုလာကြခြင်းဖြစ်သည်။

**သဘာဝထုတ်ကုန်**

"ဝါးပင်ဆိုတာကလည်း ဓာတုမြေဩဇာကျွေးပြီးစိုက်တဲ့ ဝါးပင်မရှိသလောက်ပဲလေ။ ဒါကြောင့် ဝါးပေါင်းခံရည်က သဘာဝထုတ်ကုန်ပါပဲ။ ဝါးလုံးတွေကို မီးရှို့လိုက်တာပေါ့။ မီးရှို့ပြီးထွက်လာတဲ့ မီးခိုးငွေ့တွေကို အခေါင်းထဲကိုဖြတ်ပြီး စီးကျလာစေတယ်။ အဲဒီ မီးခိုးတွေကနေ စီးကျလာတဲ့အရည်ကိုမှ ယူတယ်။ အဲ့ဒီလိုနည်းနဲ့ ဝါးပေါင်းခံရည် ရလာတာပါ။ ဝါးပေါင်းခံရည်က မျက်နှာပေါ်က အစက်အပြောက်နဲ့ တင်းတိပ်တွေကို ကင်းစင်စေတယ်။ ဆံပင်မကျွတ်အောင်လည်း သုံးစွဲကြပါတယ်"ဟု ဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌက ဆက်ပြောသည်။

**ပြည်တွင်းပြည်ပ၌ သုံးစွဲနေပြီဖြစ်**

ယခုအခါ အဆိုပါ ဝါးပေါင်းခံရည်ကို စိုက်ပျိုးရေးသုံး ရွက်ဖျန်းဆေးအပြင် မျက်နှာသစ်ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ခြင်နှင်ဆေး စသည့် လူသုံးကုန်များထုတ်ရာတွင်လည်း ပြည်တွင်းပြည်ပ၌ သုံးစွဲနေပြီဖြစ်ပြီး ဝါးပေါင်းခံရည်ထုတ်ရာတွင် သက်တမ်းနုသောဝါးများကို မသုံးစွဲသင့်ဘဲ အပင်သက်တမ်း အနည်းဆုံး လေးနှစ်နှင့်အထက် ဝါးပင်ဖြစ်ရန် လိုအပ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေးထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေးထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# တူချယ်၏ ချယ်ဆီးအသင်း ပထမကျော့မှာ အေတီမက်ကို အသာစီးရယူ ထားနိုင်မလား



■ မိုးဇက်-စုစည်းသည်

ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ပထမအကျော့ပွဲစဉ်များကို ယှဉ်ပြိုင်ကစားလျက်ရှိရာ ယနေ့တွင် စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်နဲ့ ပရီမီယာလိဂ်ကလပ် ချယ်ဆီး၊ အီတလီကလပ် လာဇီယို အသင်းနဲ့ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့မှာ ဘယ်အသင်းက အသာရသွားမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## အေတီမက် VS ချယ်ဆီး

**နောက်ဆုံးတွေ့ဆုံမှု ချယ်ဆီး ၁-၁ အေတီမက်**

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၂ နာရီခွဲမှာ အက်သလက်တီကို မက်ဒရစ်အသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အေတီမက်အသင်းက စပိန်တွင်လာလီဂါအမှတ်ပေးဇယားမှာ ၂၃ ပွဲကစားပြီး ရမှတ် ၅၅ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားတဲ့အသင်းဖြစ်ပါတယ်။ ချယ်ဆီးအသင်းက ပရီမီယာလိဂ် ၂၅ ပွဲကစားပြီး ရမှတ် ၄၃ မှတ်နဲ့ အဆင့် (၅) နေရာမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။

### ချယ်ဆီးအသင်းရဲ့ ခြေစွမ်းတည်ငြိမ်

လက်ရှိခြေစွမ်းအရ အေတီမက်အသင်းက လာလီဂါမှာ ခုနစ်ပွဲဆက် မရှုံးနိမ့်အောင် ကစားထားနိုင်သော်လည်း ပြီးခဲ့တဲ့ လီဗန်တေးအသင်းနဲ့ ယှဉ်ပြိုင်ကစားထားတဲ့ပွဲစဉ်မှာတော့ နှစ်ဂိုးပြတ် ရှုံးနိမ့်ထားပါတယ်။ ဒါပေမယ့်လည်း အေတီမက်အသင်းရဲ့ ခံစစ်က လက်ရှိအချိန်အထိ လာလီဂါမှာ ပေးဂိုး ၁၆ ဂိုးသာရှိတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါသေးတယ်။ ချယ်ဆီးအသင်းက နည်းပြသစ် တူချယ်လက်အောက်မှာ ပုံမှန်ခြေစွမ်းပြသထားနိုင်တဲ့အသင်းဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ တစ်ပွဲသရေကျထားကာ ငါးပွဲအထိ နိုင်ပွဲရရှိထားပါတယ်။ ဒါကြောင့် ချယ်ဆီးအသင်းရဲ့ ခြေစွမ်းက တည်ငြိမ်နေတာကို တွေ့ရတယ်။

### အေတီမက်အသင်းက အသာရထား

အေတီမက်နဲ့ ချယ်ဆီးအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာ အေတီမက်အသင်းက အသာရထားပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးနိမ့်ထားပါတယ်။ ဒါပေမယ့် ၂၀၁၇ ခုနှစ်က နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ အေတီမက်အိမ်ကွင်းမှာတော့ ချယ်ဆီးအသင်းအနိုင်ရရှိထားပါတယ်။ ဒါကြောင့် အခု အေတီမက် အိမ်ကွင်းမှာရော ချယ်ဆီးအသင်း ထပ်မံအနိုင်ရရှိသွားမလား...။

## လာဇီယို VS ဘိုင်ယန်

**နောက်ဆုံးတွေ့ဆုံမှု -**

အီတလီကလပ် လာဇီယိုအသင်းနဲ့ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၂ နာရီခွဲမှာ လာဇီယိုအိမ်ကွင်း၌ ကျင်းပသွားမှာ ဖြစ်ပါတယ်။ လာဇီယိုအသင်းက စီးရီးအေ ၂၃ ပွဲကစားပြီး ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယားအထက်ပိုင်းမှာ ရပ်တည်နေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းက ဘွန်ဒက်စ်လီဂါ ၂၂ ပွဲကစားပြီး ရမှတ် ၄၉ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။

### ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ပိုင်းကို မယှဉ်သာ

လတ်တလောခြေစွမ်းအရ လာဇီယိုအသင်းက နောက်ဆုံးလေးပွဲမှာ သုံးပွဲအထိ အနိုင်ရရှိထားတဲ့အတွက် ခြေစွမ်းအကောင်းဘက် ဦးတည်နေတာကို တွေ့ရတယ်။ ဘိုင်ယန်မြူးနစ်အသင်းက အမှတ်ပေးဇယားကို ဦးဆောင်နေတယ်ဆိုသော်ငြား နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲမှာ နိုင်ပွဲပျောက်ဆုံးနေတာကို သတိပြုရမယ်။ ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းဟာ ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါ ၂၂ ပွဲမှာ ရဂိုးက ၆၂ ဂိုးအထိရှိတာကြောင့် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေတာကိုလည်း သတိပြုရမယ်။ လာဇီယိုအသင်းရဲ့ တိုက်စစ်ပိုင်းက စီးရီးအေ ၂၃ ပွဲမှာ ၃၈ ဂိုးသာ ရှိတာကြောင့် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ပိုင်းကို မယှဉ်သာတာကို တွေ့ရတယ်။

### အင်မိုဘိုင်းနဲ့ ကိုးမန်းတို့ကို စောင့်ကြည့်ရမယ်

ယနေ့ပွဲစဉ်မှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် လာဇီယိုအသင်းမှာ အင်မိုဘိုင်းရှိနေပြီး လေးပွဲမှာ ငါးဂိုးအထိ သွင်းယူပေးထားပါတယ်။ ဘိုင်ယန်မြူးနစ်မှာ ကိုးမန်းရှိနေပြီး လေးပွဲမှာ သုံးဂိုးသွင်းယူပေးထားပါတယ်။ ဂိုးသမားနှစ်ဦးရဲ့ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်ရင် ရိန်နာက ငါးပွဲပါဝင် ကစားထားပြီး ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်ခြင်းမရှိဘဲ ဘိုင်ယန်မြူးနစ် ဂိုးသမား နူအာက ငါးပွဲမှာ နှစ်ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

■ မန်ယူအသင်းသည် အသင်းမှ ဂိုးသမားဖြစ်သူ ဒီဂီယာကို နွေရာသီတွင် ရောင်းထုတ်ကာ အေစီမီလန်အသင်းမှ အသက် ၂၁ နှစ်



အရွယ် အီတလီ ဂိုးသမား ဒွန်နာရမ်မာဖြင့် အစားထိုးရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ အသက် ၃၀ အရွယ်ရှိ ဂိုးသမား ဒီဂီယာကို နာမည်ကြီးအသင်းများဖြစ်သည့် ဂျူဗင်တပ်စ်၊ ဘိုင်ယန်မြူးနစ်နှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ ချယ်ဆီးအသင်းသည် ဂျာမနီခံစစ်ကစားသမား ဆီလီ (၂၅နှစ်) ကို ပေါင် ၂၅ ဒသမ ၉ သန်းဖြင့် စာချုပ်ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆွေးနွေးလျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် အဆိုပါ ကစားသမား၏ စာချုပ်ကို သက်တမ်းတိုးလိုနေကြောင်း သိရသည်။

■ အာဆင်နယ်အသင်းသည် ကလပ်ဘရုဂ်အသင်းမှ အိုင်ဗရီကို့စ် ကွင်းလယ်ကစားသမား အိုဒီလ်လွန် (၂၀နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ရိုမေးနီးယား ယူ-၂၁ ဗဟိုခံစစ်ကစားသမား ဒရာကူဆင် (၁၉နှစ်) ၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ အဆိုပါကစားသမားကို ပဲလေ့စ်အသင်းအပြင် စပါးနှင့် နယူးကာဆယ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ လီဗာပူးအသင်းသည် ဆီဗီလာအသင်းမှ အသက် ၂၆ နှစ်အရွယ် အာဂျင်တီးနားတောင်ပံကစားသမား အိုကမ်းပို့စ်ကို ခေါ်ယူရန် အသင်းမှ ဂျပန်ကွင်းလယ်ကစားသမား မီနာမီနိုကို အလိုက်ပေး ကမ်းလှမ်းဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။




မန်ယူတိုက်စစ်ကစားသမား ရက်ဖို့ဒ် နယူးကာဆယ်အသင်းဘက်သို့ ဂိုးသွင်းယူနေမှုကို တွေ့ရစဉ်။

# အိမ်ကွင်းမှာ နယူးကာဆယ်အသင်းကို ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သည့် မန်ယူ

**ပရီမီယာလိဂ်ပွဲစဉ် (၂၅)အဖြစ် မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာတွင် ရမှတ် ၄၉ မှတ်ဖြင့် ဆက်လက်ရပ်တည်နေသည်။ မန်ယူအသင်းအတွက် ဂိုးများကို ရက်ဖို့ဒ်၊ ဂျိမ်းစ်နှင့် ဖာနန်ဒက်ဇ်တို့က သွင်းယူပေးခဲ့သည်။**

မန်ယူအသင်းသည် ယခုပွဲစဉ်ပြီးလျှင် ယူရိုပါလိဂ် ၃၂ သင်းဒုတိယအကျော့အဖြစ် ရီးရဲဆိုစီဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားရဖို့ရှိသော်လည်း ဒီဂီယာ၊ ဝမ်ဘစ်ဆာကာ၊ လင်ဒီလော့ဖ်၊ မက်ဂွိုင်းယား၊ လုခ်ရှော၊ ဖရက်၊ မာတစ်၊ ဂျိမ်းစ်၊ ဖာနန်ဒက်စ်၊ ရက်ဖို့ဒ်၊ မာရှယ်စသည့် ကစားသမားများကိုအသုံးပြုကာ နယူးကာဆယ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့် ချယ်ဆီးအသင်းနှင့် ပွဲစဉ်က ရှုံးနိမ့်မှုကို ချေဖျက်နိုင်ရန်အတွက် ဒါလို၊ လီဝစ်၊ ကလပ်ခ်၊ ရှယ်ဖေး၊ ဝီလ်လော့ခ်၊ ဟေဒင်၊ အယ်မီယာယွန်၊ ဂျိုးလင်တန်၊ မက်ဇင်မင် စသည့် ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။

### မန်ယူအသင်း သက်သာရာရခဲ့

ပွဲစသည်နှင့်တစ်ပြိုက်နက် နှစ်သင်းစလုံးထိုးဖောက်တိုက်စစ်ဆင်မှုကို တွေ့ရသည်။ ပွဲအစသုံးမိနစ်တွင် နယူးကာဆယ်အသင်းမှ ဂျိုးလင်တန်၏ ကန်သွင်းချက်ကို မန်ယူဂိုးသမား ဒီဂီယာသတိကြီးစွာဖြင့် ကာကွယ်နိုင်ခဲ့လို့သာ မန်ယူတို့ စောစီးစွာ ဦးဆောင်ဂိုးခွင့်မပြုပေးခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် ပွဲချိန် ကိုးမိနစ်တွင် နယူးကာဆယ်အသင်းမှ ရှယ်ဖေး၏ အဝေးကန်သွင်းချက် ဂိုးပေါက်တည့်မတ်မှု မရှိလို့သာ မန်ယူအသင်း သက်သာရာရခဲ့သည်။

### ဦးဆောင်ဂိုးရရှိ

မန်ယူအသင်းသည် ပထမပိုင်းပွဲကစားချိန် ၂၉ မိနစ်ကျော်သည်အထိ နယူးကာဆယ်အသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်ထားနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော်လည်း ပွဲကစားချိန် မိနစ် ၃၀ တွင် မန်ယူအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို အသင်းခေါင်းဆောင် မက်ဂွိုင်းယား၏ ဖန်တီးပေးမှုမှ တစ်ဆင့် ရက်ဖို့ဒ်က သွင်းယူပေးနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းကလည်း ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့လိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၃၅ မိနစ်တွင် မက်ဆင်မင်၏ အဝေးကန်သွင်းချက် ဂိုးရရှိရန် နီးစပ်ခဲ့သော်လည်း ဒီဂီယာကာကွယ်နိုင်ခဲ့လို့ မန်ယူအသင်း သက်သာရာရခဲ့သည်။ သို့သော်လည်း ၃၆ မိနစ်တွင် နယူးကာဆယ်အသင်း ချေပဂိုးရရှိခဲ့ပြီး မက်ဆင်မင်ကပင် အားသာသည့် အဝေးကန်ချက်ဖြင့် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် မန်ယူအသင်းမှဖရက်၏ အဝေးကန်ချက်ကို နယူးကာဆယ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြီးဆုံးသည်အထိ ဂိုးထပ်မံသွင်းနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

### ပယ်နယ်တီရရှိ

ဒုတိယပိုင်းပွဲချိန် ၅၇ မိနစ်တွင် ဖာနန်ဒက်ဇ်၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဂျိမ်းစ်က မန်ယူအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ယင်းနောက်တွင်လည်း မန်ယူအသင်းကသာ ဖိအားပေးကစားလာနိုင်ခဲ့ပြီး ဂျိမ်းစ်၊ မာရှယ်တို့၏ ကန်သွင်းချက်များကို နယူးကာဆယ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၇၃ မိနစ် တွင် နယူးကာဆယ်အသင်းမှ ဟေဒင်က ရက်ဖို့ဒ်ကို ပယ်နယ်တီဧရိယာအတွင်း ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သောကြောင့် ပယ်နယ်တီရရှိခဲ့သည်။ အဆိုပါပယ်နယ်တီကို ဖာနန်ဒက်ဇ်က အမှားအယွင်းမရှိ သွင်းယူနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံးဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲအပြီးတွင် မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၅ ပွဲကစားပြီးချိန်တွင် ရဂိုး ၅၃ ဂိုးအထိ ရှိလာပြီဖြစ်သည်။ အဆိုပါ သွင်းဂိုးအရေအတွက်သည် ၂၀၁၂-၂၀၁၃ ခုနှစ်နောက်ပိုင်း အများဆုံးလည်း ဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

# လီဂူးဝမ်းပွဲစဉ် (၂၆)မှာ မိုနာကိုကို အရေးနိမ့်ခဲ့တဲ့ ပီအက်စ်ဂျီ

ပြင်သစ်လီဂူးဝမ်းပွဲစဉ် (၂၆) အဖြစ် ပီအက်စ်ဂျီအသင်းနှင့် မိုနာကိုအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၂ နာရီခွဲက ပီအက်စ်ဂျီအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မိုနာကိုအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် မိုနာကိုအသင်းသည် လီဂူးဝမ်းအမှတ်ပေးဇယား အဆင့် (၄) နေရာအထိ တက်လှမ်းလာနိုင်ပြီဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သည့် လူစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ပြီး နာဗက်စ်၊ ဖလော်ရန်ဇီ၊ ကင်ပမ်ဘီ၊ ကာဇာဝါ၊ ပါရီဒက်စ်၊ ဟာရဲရား၊ ဂွီရီ၊ ကိန်း၊ အီကာဒီ၊ အမ်ဘတ်ပီစသည့်ကစားသမားများကို အသုံးပြုကာ မိုနာကိုအသင်းကို ရင်ဆိုင်လာခဲ့သည်။ မိုနာကိုအသင်းက ပြီးခဲ့သည့် လော်ရီးယန့်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်မှလူစာရင်းကို နှစ်ဦးအပြောင်းအလဲပြုလုပ်ပြီး လီကွန်တီ၊ မာရီပန်၊ ဒီဆာဆီ၊ ဖိုဖာနာ၊ ဗိုလ်လန်၊ ဒီအော့ပ်၊ ယက်ဒါစသည့်ကစားသမားများကို အသုံးပြုကာ ပီအက်စ်ဂျီအသင်းကို ရင်ဆိုင်လာခဲ့သည်။

မိုနာကိုအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲအစ ခြောက်မိနစ်တွင် ရရှိခဲ့ပြီး ဒီအော့ပ်က သွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းပွဲအချိန်အတွင်း အပြန်အလှန်ထိုးဖောက်မှုများရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် မိုနာကိုအသင်း ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၁ မိနစ်တွင် မိုနာကိုအသင်း ဒုတိယဂိုးရရှိခဲ့ပြီး မာရီပန်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပီအက်စ်ဂျီအသင်း လူစားလဲကာ ကစားကွက်အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း လိုအပ်နေသည့် ချေပဂိုးများကို သွင်းယူနိုင်ခြင်း မရှိပေ။ မိုနာကိုအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် ဦးဆောင်သူ လိုင်လီအသင်းနှင့် လီဂူးဝမ်း (၂၆) ပွဲကစားပြီး ခြောက်မှတ်အကွာသို့ ရောက်ရှိလာပြီဖြစ်သည်။



ပီအက်စ်ဂျီအသင်းသည် ယခုပွဲစဉ်ပြီးလျှင် ဖေဖော်ဝါရီ ၂၇ရက်၌ လီဂူးဝမ်းပွဲစဉ် (၂၇)အဖြစ် အမှတ်ပေးဇယားအောက်ဆုံးမှ ဒီဂျွန်အသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သည်။ မိုနာကိုအသင်းက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပွဲစဉ် (၂၇)အဖြစ် ဘရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဒေါ်သီတာကြင်
## B.Econ (Stats:), D.A
## Finance Manager
## JAPFA COMFEED MYANMAR Pte.,Ltd
## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ် ၂၇နေ (ဦးစံမြ-ဒေါ်ကြည်)တို့၏မြေး၊ ဦးမောင်မောင်ကြင်(ငြိမ်း၊ လက်ထောက်ကထိက၊ ရန်ကင်းပညာရေးကောလိပ်)-ဒေါ်စန်းရီ(မူ/အုပ်ငြိမ်း)၊ အမက-၁၀၊ တာမွေ)တို့၏ သမီးထွေး၊ (ဦးနီ)-ဒေါ်မမကြီးတို့၏ သမီးချွေးမ၊ ဦးအောင်မျိုးနိုင်(C/E -RAFFLES)၏ချစ်လှစွာသောဇနီး၊ ဦးစိုးဝင်းမောင်-ဒေါ်သန္တာကြင်(လယ်/ပြ အမက-၁၀၊ သာကေတ)၊ ဦးဇော်ဝင်း-ဒေါ်ခိုင်မာကြင်တို့၏ ညီမထွေး၊ မသက်နွယ်စိုး၊ မနွယ်နီစိုး၊ မောင်ခန့်မင်းထက်၊ မမေဖူးဖူးဇော်တို့၏ အဒေါ်သည် ၂၁-၂-၂၀၂၁ရက် (တနင်္ဂနွေနေ့)ညနေ ၄:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၃-၂-၂၀၂၁ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၇-၂-၂၀၂၁ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်သီတာကြင်
## B.Econ (Stats:), D.A
## Finance Manager
## JAPFA COMFEED MYANMAR Pte.,Ltd
## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ် ၂၇နေ ဦးမောင်မောင်ကြင် -ဒေါ်စန်းရီတို့၏သမီးထွေး၊ (ဦးနီ)-ဒေါ်မမကြီးတို့၏ သမီးချွေးမ၊ ဒေါက်တာဝင်းကိုကို-ဒေါ်မေရီမြင့်၊ ဦးသန့်စင်(NZ)-(ဒေါ်သိင်္ဂီမြင့်)၊ဒေါက်တာ ဒေါ်သိင်္ဂီ(ဦးဗိုလ်ဗိုလ်)-ဒေါ်ခင်စန္ဒာ၊ (ဦးအောင်ကျော်နိုင်)၊ ဦးဆန်ဆန်-ဒေါ်အေးအေးမြင့်၊ ဒေါ်မိုးချယ်ရီတို့၏ညီမလေး၊ ဦးအောင်မျိုးနိုင်(C/E – RAFFLES)၏ ချစ်လှစွာသောဇနီးသည် ၂၁-၂-၂၀၂၁ရက် (တနင်္ဂနွေနေ့)ညနေ ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၂၁ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါ(၁)လမ်း၊ အမှတ်(၈၂၄/က)၊ ပေ(၂၀x၆၀)အကျယ်အဝန်း ရှိပါမစ်မြေကွက်နှင့် နေအိမ်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ပါမစ်အမည်ပေါက်ပိုင်ရှင်ဖြစ်သည့် ဒေါ်ချစ်စိန် (TTE-၁၂၂၈၄၆)ထံမှ တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်ရွှေ (PPM-၀၁၄၆၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်စပ်လျဉ်း၍ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ၅-၃-၂၀၂၁ ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နန်းမိုခမ်းအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၇၃)
အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၄၄၈၂၆၈၁

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့်ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် (၁၉ᶜ)၊ ဧရိယာ (၀ဒသမ၀၂၆)ဧကရှိ ဦးမြင့်ဝေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အားဒေါ်အိခိုင်ဖြိုး ၉/ပမန(နိုင်)၂၃၇၃၁၀မှ အရောင်းအ ဝယ်စာချုပ်အဆင့်ဆင့်၊ ကျမ်းကျိန်ဆိုချက် (၁၉၁၉/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရန်နိုင်ရပ်)၊ ဦးပိုင်အမှတ်(၄)၊ မြေဧရိယာ(၀ဒသမ၂၄၃) ဧကရှိ ဒေါ်ဘီတုပ် အမည်ပေါက် မြို့မြေကွက်အား ဒေါ်ခင်မျိုးရီ (ဘ)ဦးမူဆာ ၉/လဝန (နိုင်)၀၁၁၅၆၃မှ အရောင်းအဝယ် ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## မောင်နိုင်နိုင်ဝင်း(ခ) June David
## အသက်(၃၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၄၁ လမ်း၊ အမှတ် ၂၇နေ (ဦးမင်းဇော်)-ဒေါ်သန်းဝင်းတို့၏မြေး၊ မြစ်ကြီးနားမြို့၊ ဇီးလွန်ရပ်ကွက်နေ (ဦးခေါ်ဆောင်)-ဒေါ်ခေါ်မျှော်တို့၏မြေး၊ (ဦးစိုးမင်း)-ဒေါ် G ဆောင်နမ်တို့၏သား၊ ဇာနည်ဝင်း(ခ) aster မင်း ၏မောင်၊ ပြည့်စုံအောင်(ခ)Mozet ၏အစ်ကိုသည် ၂၀-၂-၂၀၂၁ရက် (စနေနေ့) တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်သို့ ပို့ဆောင်ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(တာမွေနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏(၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် (၂၅) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေညီလာခံ အစည်းအဝေးအား (၂၇-၂-၂၀၂၁)ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကို (၂၇-၁-၂၀၂၁)ရက်ထုတ်နိုင်ငံပိုင် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်များနှင့် ဆက်သွယ်ရေးအခက်အခဲများကြောင့် ဘဏ်၏(၂၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား မူလအစီအစဉ်အတိုင်း ကျင်းပပြုလုပ်နိုင်ခြင်း မရှိတော့ပါသဖြင့် အစည်းအဝေးကျင်းပမည့်ရက်နှင့် အချိန်တို့အား နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့ညွှန်ကြားချက်အရ**
**ဒုဥက္ကဋ္ဌ-၂၊ အမှုဆောင်အရာရှိချုပ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၅၃/A)၊ အကျယ်အဝန်း ၂၄'/၃၀' x ၆၀'ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ဦးမောင်မောင်စန်း ၁၂/တကန(ဧည့်)၀၀၀၁၃၁ သည် မိမိမှသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)
အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၈၃၅၃၅၀၀၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၂၂၂

| | | |
|---|---|---|
| ခရိုင်မန်နေဂျာ | နှင့် | ၁။ ဒေါ်စုစုလှိုင်မြင့် |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဦးတင့်ဆွေ |
| တောင်ကြီးမြို့ | | |
| **တရားလို** | | **တရားပြိုင်များ** |

၁။ ဒေါ်စုစုလှိုင်မြင့်၊ ၂။ ဦးတင့်ဆွေ(ခင်ပွန်း)၊ (သီးနှံရောင်းဝယ်ရေးလုပ်ငန်း)၊ အမှတ်(၃၄၀)၊ ဥသျှစ်ဖရားလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၈)၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူများ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေအရင်းအတိုးပေါင်းကျပ် ၄၄၅၅၇၉၇၅/- ၆၇ပြား အတွက်အပေါင်ဒီကရီရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် မတ် ၁၅ ရက် (၁၃၈၂ခုနှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိုက်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ မိုးသောက်ပန်းလမ်း၊ အိမ်အမှတ် (သအ/၂၇၆)နေ (ဦးဇော်မြင့်ဝင်း)-ဒေါ်တင့်တင့်ဦးတို့၏ ဒုတိယမြောက်သမီးဖြစ်သူ မပိုးအိကို (ခ)မမီးမီးဇော် ၉/ကပတ(နိုင်)၂၆၂၂၉၆ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်တင့်တင့်ဦး**
**၉/ကပတ(နိုင်)၀၁၈၉၉၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းကြိုင်
## ဒါရိုက်တာ၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်
## အသက်(၆၄)နှစ်

ကမ္ဘာ့ရတနာဘဏ်လီမိတက်(ယခင်မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်)၏ ဒါရိုက်တာအဖွဲ့ဝင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်သည် ၂၁-၂-၂၀၂၁ရက် နံနက် ၉နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**
**ကမ္ဘာ့ရတနာဘဏ်လီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၉/ရပ်ကွက်၊ ရတနာပုံ(၁)လမ်း၊ အမှတ်(၈၁၅)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းလှိုင် ၁၂/သကတ(နိုင်)၁၆၀၈၁၀ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၉၅၄၊ (တစ်နည်းအားဖြင့်) သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အမှတ်(၉၅၄)၊ အကျယ်အဝန်း(ပေ၄၀xပေ၆၀) ရှိမြေပေါ်တွင် ဆောက်လုပ်ထားသည့် (၃) ခန်းတွဲ ကန်ထရိုက်တိုက်၏ ခေါင်းရင်းဘက်အခြမ်း၊ အကျယ်အဝန်း(၁၂ပေx၅၅ပေ)ရှိ ဒါဘာ(၅)လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဝါဝါသန်း ၁၂/သကတ(နိုင်)၀၂၄၄၉၇ ကိုင်ဆောင်သူမှ ၎င်းတစ်ဦးတည်းသာ လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းလှိုင် ၁၂/သကတ(နိုင်)၁၆၀၈၁၀ မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဦးဇော်ဝင်းလှိုင် | U Zaw Myint (Law Firm) | |
| ၁၂/သကတ(နိုင်)၁၆၀၈၁၀ | ဦးရဲမြင့်အောင် (LL.B) (စဉ်-၄၁၇၀၃)၊ | ဒေါ်တင်ဇာမျိုး (LL.B)စဉ်-၄၅၂၆၅) |
| | ဦးမျိုးကျော်ကျော်ဦး (LL.B)(စဉ်-၄၈၂၀၀) | ဒေါ်သဲသဲဦး (LL.B)(စဉ်-၄၈၄၇၃) |

(အထက်တန်းရှေ့နေများ)
အမှတ်(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊
၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ ငှားရမ်းခြင်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) **(၅) နှစ်သက်တမ်း ငှားရမ်းခြင်းများ**

| | | |
|---|---|---|
| Lot- 1 | (၁) ချမ်းမြသာစည်မြို့နယ်၊ မြို့ဟောင်းရပ်ရှိ သိုရုံ-၇ သိုလှောင်ရုံ(၁)လုံး (၁၅၀' x ၆၀ ' x ၂၀') (သွပ်၊ သွပ်၊ ကွန်) | |
| Lot-2 | (၂) မရမ်းကုန်းမြို့နယ်၊ နဂါးသိုလှောင်ရုံဝင်းရှိ သိုရုံ-၅၆ သိုလှောင်ရုံ (၁)လုံး (၉၀' x ၃၀' x ၁၅') (သွပ်၊ သွပ်၊ ကွန်) | |

(ခ) **(၃) နှစ်သက်တမ်း ငှားရမ်းခြင်းများ**

| | | |
|---|---|---|
| Lot- 3 | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၀၂)ဆန်စက်ဝင်းအတွင်းရှိ ပိုလန်သိုလှောင်ရုံ အမှတ်(၃) (၈၀' x ၃၇' x ၁၂) (အုတ်ကြွပ် x အုတ်ကြွပ် x ကွန်) | |

(ဂ) **(၁) နှစ်သက်တမ်း ငှားရမ်းခြင်းများ**

| | | |
|---|---|---|
| Lot- 4 | (၁) အလုံမြို့နယ်၊ မော်တော်ယာဉ်ဝင်းရှိ စတိုအဆောက်အဦ (၁)လုံး (၁၂၀' x ၈၀) | |
| Lot-5 | (၂) အလုံမြို့နယ်၊ မော်တော်ယာဉ်ဝင်းရှိ (၂)ထပ်ရုံး(၁)ရုံး(၄၅' x ၁၄')၊ ယာဉ်ရပ်နားရုံ (၁)ရုံ (၇၇' x ၇၂')၊ စက်ပစ္စည်းသိုရုံ(၁)ရုံ (၆၁' x ၃၁')၊ ယာဉ်ပြင်အလုပ်ရုံ(၁)ရုံ (၇၁' x ၈၇')နှင့် မြေကွက်လွတ်ဧရိယာ(၆၅၇) စတုရန်းမီတာ | |

| | | |
|---|---|---|
| (ဃ) | တင်ဒါပုံစံရောင်းချမည့်ရက် | - (၂၃.၂.၂၀၂၁) ရက်မှ ( ၂၂.၃.၂၀၂၁)ရက်ထိ (ရုံးချိန်အတွင်း) |
| (င) | တင်ဒါပုံစံရောင်းချရန် ပိတ်မည့်နေ့/အချိန် | - (၂၂.၃.၂၀၂၁)ရက် ညနေ(၁၆:၀၀)နာရီ |
| (စ) | တင်ဒါယှဉ်ပြိုင်ရမည့်ရက်/အချိန် | - (၂၄.၃.၂၀၂၁)ရက်နေ့၊ (၁၃:၀၀)နာရီ |
| (ဆ) | တင်ဒါတင်သွင်းရမည့်နေရာ | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ရုံးအမှတ်(၃)၊နေပြည်တော်။ |
| (ဇ) | စာရင်းပေးသွင်းရမည့်နေရာ | - ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| (ဈ) | တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်နေ့/အချိန်/နေရာ | - (၂၄.၃.၂၀၂၁)ရက်နေ့ (၁၁:၀၀)နာရီ ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| (ည) | တင်ဒါပုံစံရောင်းချမည့်နေရာ | - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ဒုတိယထပ်၊ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့။ |
| (ဋ) | Deposit ပေးသွင်းနိုင်သည့် | - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ |

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် ငှားရမ်းခြင်း(၅)ခုတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၁-၂၅၀၄၃၂၊ ၀၂-၄၀၃၆၃၃၈ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဩစတြေးလျတပ်မတော်၏ Vice Chief of the Defence Force ဖြစ်သူနှင့် တယ်လီဖုန်းဖြင့် ဆွေးနွေး






**နေပြည်တော် ဖေဖော်ဝါရီ ၂၂** နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဩစတြေးလျ တပ်မတော်၏ Vice Chief of the Defence Force ဖြစ်သူ Vice Admiral David Johnston AO RAN နှင့် ယနေ့ မွန်းလွဲပိုင်းတွင် တယ်လီဖုန်းဖြင့် ဆွေးနွေး သည်။ **(ယာပုံ)**

ထိုသို့ ဆွေးနွေးရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ဖြစ်ပေါ်စေရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်၏ အာဏာ ၃ရပ်ကို ခေတ္တထိန်းသိမ်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ ဆောင်ရွက် လျက်ရှိရာ တည်ဆဲနိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံခြားရေးရာမူဝါဒများ ပြောင်း လဲခြင်းမရှိဘဲ အရှိန်အဟုန် မပျက် ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာ့တပ်မတော် သည် ဩစတြေးလျ တပ်မတော် ကဲ့သို့ ဒီမိုကရေစီတပ်မတော် ဖြစ်ပြီး ဒီမိုကရေစီကို လေးစား တန်ဖိုးထားပါကြောင်း၊ ဒီမို ကရေစီမှာ လူတိုင်း မိမိသဘော ဆန္ဒကို ဥပဒေနှင့်အညီ ငြိမ်းချမ်း စွာ ဆန္ဒဖော်ထုတ်ခွင့်ရှိကြောင်း ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် သိရှိလိုက်နာလျက် ရှိပါကြောင်း၊ အရေးပေါ်ကာလ ၃ ပတ် ကျော်အတွင်း ငြိမ်းချမ်း စွာ ဆန္ဒဖော်ထုတ်မှုမှ ရန်လို သည့် အကြမ်းဖက်ဆူပူမှု(Riot) များ၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သည့် လူအုပ်စု(Anarchy Mob) အသွင် သို့ ပြောင်းလဲခဲ့သည့် နေပြည် တော်၊ မန္တလေး၊ မော်လမြိုင် ဖြစ်စဉ်များနှင့် ပတ်သက်၍လည်း အနည်းဆုံး အင်အား၊ အနိမ့်ဆုံး အဆင့်မှစ၍ ဥပဒေနှင့်အညီ ဖြေရှင်းခဲ့ခြင်းမှအပ ကျန် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှု များ၌ အင်အား အလွန်အကျွံ သုံး၍ နှိမ်နင်းခဲ့ခြင်း မရှိပါ ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အားလုံး ဥပဒေနှင့်အညီသာ အဆင့်ဆင့် ဆောင်ရွက်လျက် ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် Vice Admiral David Johnston AO RAN ကလည်း သိလိုသည့်အချက်များ ကို ပြန်လည်ဆွေးနွေးရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြန်လည်ဆွေးနွေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# သတင်းထုတ်ပြန်ချက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

### ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်ရှိ မြို့နယ် ၂ မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေး ခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၁၅၁၂၉ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၅၈၄၅၃ ဦး ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၈၁၈၇ ဦး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက်ပါဝင်နေသူများမှာ ၄၉၃၃ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၅၅၃၈၀ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများစိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရမည်းသင်းမြို့နယ် မဲရုံပေါင်း ၂၄၇ရုံ | ၁၉၈၄၃၈ | ၁၈၂၇၂၆ | ၁၅၉၆၄ | ၃၀၆၇ | ၂၉၃၇၆ |
| ၂ | ပျော်ဘွယ်မြို့နယ် မဲရုံပေါင်း ၂၉၅ ရုံ | ၂၁၆၆၉၁ | ၁၇၅၇၂၇ | ၂၂၂၂၃ | ၁၈၆၆ | ၂၆၀၀၄ |
| | စုစုပေါင်း | ၄၁၅၁၂၉ | ၃၅၈၄၅၃ | ၃၈၁၈၇ | ၄၉၃၃ | ၅၅၃၈၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အေစီမီလန်ကို အနိုင်ယူကာ အမှတ်ပေးဇယားကိုလေးမှတ်အသာဖြင့် ဦးဆောင်ထားသည့် အင်တာမီလန်

အီတလီစီးရီးအေပွဲစဉ် (၂၃) အဖြစ် အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းက အေစီမီလန် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို လေးမှတ်အသာဖြင့် ဆက်လက် ဦးဆောင်ထားသည်။

ယနေ့ပွဲစဉ်တွင် နှစ်သင်းစလုံးအနိုင်ရရှိရန် ပြင်ဆင်လာသည့် အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ အေစီမီလန် အသင်းသည် ကိုပါအီတာလီယာဖလားကွာတားဖိုင်နယ်က ရှုံးကြွေး ပြန်ဆပ်ရန်အတွက် ယနေ့ပွဲစဉ်ကို အသင်း၏ အတောင့်တင်းဆုံး လူစာရင်းဖြစ်သည့် ဒွန်နာရမ်မာ၊ ကယ်လာဘရီယာ၊ ဟာနန်ဒက်ဇ်၊ တိုနယ်လီ၊ ကက်ဆီ၊ ကယ်လန်နိုလူ၊ ရီဘစ်၊ အီဗရာဟီမိုဗစ်စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖

**အီရန်အစိုးရနှင့် ဆက်သွယ်မှုပြုလုပ်နိုင်ရေး အမေရိကန်တို့စတင်** စာ ၁၂

**COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁ ဦး တွေ့ရှိ** စာ ၁၅